မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ကျင်းပသည့် (၄)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တူရကီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ဂူး(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တူရကီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရီဆက် တေယစ် အာဒိုဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၄)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲ အခမ်းအနားများသို့ တက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ကျင်းပသည့် (၄)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ (၄)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာ နာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်းဟာဂျီအဗ္ဗဒူ ရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါကဲလ် အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E.Mr.Yukio Hatoyama၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် အောက်တိုဘာ ၂၉ ရက်)

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး တံတားများတိုးမြှင့်တည်ဆောက် သားစဉ်မြေးဆက်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ခဲ့သော ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ဝါးခယ်မ-ကံကြီး-မြောင်းမြလမ်းအပိုင်း မိုင်တိုင်အမှတ်(၂၀/၀)ရှိ ကျွန်းကုန်းတံတား ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၅ရက်နေ့က အဆိုပါတံတားအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာပြီး စည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက် ပြည်နယ်နှင့်တိုင်းအားလုံးရှိ ဒေသအနှံ့ လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ရေးအတွက်လည်းကောင်း၊ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အလေးထားဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာ၌ အရှေ့၊ အနောက်၊ တောင်နှင့်မြောက် ကူးလူးယှက်သွယ်ရန် ရထားလမ်းများ၊ ကားလမ်းများ၊ ကားနှင့်ရထားများ ဖြတ်သန်းနိုင်မည့် တံတားများ တိုးမြှင့်တည်ဆောက်ပေးခဲ့ပြီး ပထဝီအနေအထားအရ တောင်တန်းများကာရံလျက်ရှိသည့် ဒေသများတွင်လည်း ကားလမ်း၊ ရထားလမ်းများကို ဦးစားပေးဖောက်လုပ်ပေးလျက်ရှိသည်။

ကျွန်းကုန်းတံတားသည် ဧရာဝတီတိုင်းအတွက် ဆက်သွယ်ရေးလွယ်ကူချောမွေ့သည်သာမက အခြားပြည်နယ်နှင့်တိုင်းများသို့ပါ လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်သည်။ ဧရာဝတီတိုင်းသည် မြစ်ချောင်းအင်းအိုင်ပေါများသော ဒေသတစ်ခုဖြစ်ပြီး ရေကြောင်းကို အများဆုံးအသုံးပြုလျက်ရှိရာ နိုင်ငံတော်အစိုးရက ဧရာဝတီတိုင်းအတွင်း ပေ၁၈၀နှင့်အထက် တံတား ၄၆စင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ကျွန်းကုန်းတံတားပေါ်မှ ဖြတ်သန်းပို့ဆောင်၍ ဧရာဝတီတိုင်းမှထွက်ရှိသော ရေထွက်ပစ္စည်းနှင့်ဆန်စပါးများကို ပုသိမ်-မုံရွာလမ်းမှ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းသို့လည်းကောင်း၊ မုံရွာ-ရွှေဘို-မြစ်ကြီးနားလမ်းမှ ကချင်ပြည်နယ်သို့လည်းကောင်း ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှာ ပြည်ထောင်စုတစ်ဝန်းသို့ ဧရာဝတီတိုင်းမှထွက်ကုန်များကို ပိုမိုလျင်မြန်စွာ ပို့ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို နိုင်ငံတော်အကျိုးအတွက် အသုံးချပြီး နောင်သားစဉ်မြေးဆက် အသုံးပြုနိုင်ရန် လမ်းတံတားများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုက္ကော်-သိမ်ဆိပ်တိုက်နယ် မူလတန်းကျောင်းများ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော်-သိမ်ဆိပ်တိုက်နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ အသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီး ၈၇ဦးတို့အား နိုဝင်ဘာ ၁၂ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အမက သာသနာ(သိမ်ဆိပ်)၌ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်နီးရပ်ဝေးမှ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးကျော်ကျော်မြတ် ဖုန်း-၀၅၇-၆၃၆၂၃ (ကျောင်းချိန်အတွင်း)၊ ဦးငွေစိုး(ရွှေသရက်ကဖီး) ဖုန်း-၀၅၇-၆၃၂၄၈၊ ဒေါ်တင်ကြူ(ရွှေဆိုင်) ဖုန်း-၀၅၇-၆၃၀၄၄၊ ဒေါ်ဝါဝါဝင်း(ဝင်းစာပေ) ဖုန်း-၀၅၇-၆၃၇၃၆ နှင့် ဒေါ်တင်ဇာခြည်သိမ့် ဖုန်း-၀၅၇-၆၃၆၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဖျာပုံနှင့်ကျိုက်လတ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဟိုတယ်/ခရီးဝန်ကြီး ပိုလ်ချုပ်စိုးနိုင် ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် အောက်တိုဘာ ၂၄ ရက်က ကျိုက်လတ်မြို့ ရွှေရတုခန်းမ၌ ဖျာပုံခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆောက်လုပ်သည့် ကုမ္ပဏီများမှ တာဝန်ခံအင်ဂျင်နီယာများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စုရှိ နောင်တော်ကြီးကျေးရွာ၌ ကိုးအိမ်တန်း၊ နောင်တော်ကြီး၊ သင်္ကံ့ဂွကြီးနှင့် ဝဲကြီးကျေးရွာများမှ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့်တွေ့ဆုံကာ တာဝန်ရှိသူများနှင့်အတူ ကျေးရွာပြည်သူများအတွက် စောင်၊ တိုင်းရင်းဆေး၊ အာဟာရမှုန့်၊ အိမ်သုံးပစ္စည်းတို့ကိုလည်းကောင်း၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က သင်္ကံ့ဂွကြီးကျေးရွာ လမ်းခင်းရန် အလှူငွေနှင့် ဝန်ကြီးက ကျေးရွာသောက်ရေကန်ပြုပြင်ရန်အတွက် အလှူငွေတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂၉-၁၀-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၃၀ ၇။ မွေးမြူသုတ
၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်
၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **မှော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၁၈)
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၁၃)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ ရှေးဟောင်းသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၁၀)

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၃၀-၁၀-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅ တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (တွင်းနက်နဲ့ဝဲအလှည့်)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၁၀ အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်)
၁၂း၃၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပဉ္စရူပံဦးခစာပေ)
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ စစ်သည်အတွက်တေးလက်ဆောင်
၁၇း၀၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွှေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အဖြေပေးတဲ့နေ့)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (စိုးမိုးကြည်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (တို့အမျိုးသား ကြီးပွားတိုးတက်ရေး) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၄)ရပ်ကွက် တပင်ရွှေထီးလမ်း အမှတ် ၄၈နေ ဒေါ်ခင်အေး၏ မွေးနေ့အလှူအဖြစ် မိဘများအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းကို ဦးသိန်းဆွေမြင့် အထက(၃) တာမွေက ကိုယ်စားလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ပိုလ်ကလေးတင့်အောင် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းပွဲ ဘိုကလေး၌ကျင်းပ

ဖျာပုံ အောက်တိုဘာ ၂၈

ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်အောင်(ဖိုးအောင်လေး)နှင့် အဖွဲ့ဝင် သတင်းထောက်သောင်းညွန့်(ဖျာပုံ)တို့က သုတ၊ ရသစာအုပ်များကို ဘိုကလေးမြို့ ဗိုလ်ကလေးတင့်အောင်စာကြည့်တိုက်သို့ အောက်တိုဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီက လှူဒါန်းရာ ဗိုလ်ကလေးတင့်အောင်စာကြည့်တိုက်မှူး ဦးကျော်စွာက လက်ခံယူသည်။ (အပေါ်ပုံ)

ဖတ်ရှုကြ

ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက်ကို ၂၀၀၈ခုနှစ် မတ် ၃၀ရက်က ဖွင့်လှစ်ခဲ့ပြီး စာကြည့်တိုက်အသင်းဝင် ၃၆၀ရှိကြောင်းနှင့် တစ်နေ့ပျမ်းမျှ စာအုပ်၅၀ ခန့် ငှားရမ်းရပြီး နေ့စဉ် စာဖတ်သူ ၅၀ ကျော် လာရောက်ဖတ်ရှုကြကြောင်း သိရသည်။

ဖွင့်လှစ်ထား

ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက်တွင် လုံးချင်းစာအုပ် ၄၀၀၀ကျော်၊ စာနယ်ဇင်းပေါင်းစုံအုပ်ရေ ၁၀၀၀၀ ကျော်ရှိကြောင်းနှင့် စာကြည့်တိုက်ကို နေ့စဉ် နံနက် ၈နာရီမှ ညနေ၄နာရီ၊ ညပိုင်းတွင် ည ၇နာရီမှ ၉နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။ **(၁၃၈)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝနှင့် ဇနီးတို့ တည်ခင်းဧည့်ခံသော Gala Dinner သို့ တက်ရောက်ခဲ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်နှင့် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ **Holiday Inn Resort Regent Beach, Phetchaburi Grand Hall** ၌ ကျင်းပသည့် **Gala Dinner** တွင် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၄ ရက် ည ၇နာရီတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Holiday Inn Resort Regent Beach, Phetchaburi Grand Hall ၌ ကျင်းပသည့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော Gala Dinner သို့ တက်ရောက်သည်။

အဆိုပါ Gala Dinner သို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် Mr. Yukio Hatoyama၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ Mr.Lee Myung bak၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် Mr. Kevin Michael Rudd၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် John Key နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆုဝမ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ Gala Dinner သို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်နှင့် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်တို့အား ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Gala Dinner ကို စတင်ကျင်းပရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကပြတင်ဆက်

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်နှင့် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်တို့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ညစာသုံးဆောင်နေစဉ် ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့က အဆို၊ အကများဖြင့် ကပြတင်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Kobsak Sabhavasa ဟွာဟင်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် အောက်တိုဘာ ၂၅ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅မိနစ်တွင် ခေတ္တတည်းခိုသည့် Springfield @ Sea Hotel မှ ဟွာဟင်းလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Kobsak Sabhavasa၊ Prajoubkirikan၊ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Veera Sriwatanatrakul နှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက ဟွာဟင်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြပြီး ဂုဏ်ပြုပန်းကုံး ပေးအပ်သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဟွာဟင်းလေဆိပ်မှ ဒေသစံတော်ချိန် ညနေ ၄နာရီ၁၅မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ထွက်ခွာခဲ့ကြပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တူရကီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၉ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ပရော်ဖက်ဆာ ဒေါက်တာ အာမက် ဒါဗူတို ဂလူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ အိန္ဒိယသံရုံးအနီး၌ အင်အားပြင်းသည့် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်အရေး အဆောတလျင်ဆုံးဖြတ်မည်မဟုတ်ဟု အမေရိကန်သမ္မတ အိုဘားမားပြောကြား

နယူးယောက် အောက်တိုဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးအတွက် အဆုံးအဖြတ်ပေးရန် ရီပက်ပလီကင်ပါတီဝင်များက တွန်းအားပေးနေသော်လည်း သမ္မတအိုဘားမားအနေဖြင့် ယင်းကိစ္စအား အဆောတလျင်ဆုံးဖြတ်မည်မဟုတ်ကြောင်း အောက်တိုဘာ ၂၇ ရက်က ပြောကြားလိုက်သည်။

ပြောကြား

အမေရိကန်နိုင်ငံသားများနှင့် ၄င်းနိုင်ငံ၏ အကျိုးစီးပွားထိခိုက်မည့်ကိစ္စရပ်များကို လုံးဝပြုလုပ်မည်မဟုတ်ကြောင်း အာဖဂန်အရေးအတွက် နောက်ပိုင်းအစီအစဉ်များကို အလေးအနက် စဉ်းစားဆုံးဖြတ်ရလိမ့်မည်ဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ် ဂျက်ဆွန်ဗီလီမြို့ရှိ လေတပ်သို့ သွားရောက်စဉ် အိုဘားမားက ပြောကြားခဲ့ခြင်းဖြစ်သည်။

အများဆုံး

အာဖဂန်အနောက်ပိုင်း၌ တာလီဘန်အကြမ်းဖက်သမားများပစ်ခတ်မှုကြောင့် အောက်တိုဘာ၂၅ရက်က အမေရိကန်တပ်ဖွဲ့ဝင်၁၀ဦး သေဆုံးမှုနှင့် ရဟတ်ယာဉ်နှစ်စင်းတိုက်မိသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့သည်။ ထိုရက်မှာ ၂၀၀၅ခုနှစ်နောက်ပိုင်း အာဖဂန်၌ အမေရိကန် တပ်ဖွဲ့ဝင်သေဆုံးမှု အများဆုံးနေ့ရက်ဖြစ်ကြောင်း ၄င်းကထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

အီရတ် အာဖဂန် သတင်းများ

ကန်ဒါဟာမြို့၌ ဗုံးဖောက်ခွဲ ငါးဦး သေဆုံး

ကန်ဒါဟာ အောက်တိုဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ အောက်တိုဘာ ၂၅ရက်က အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အရပ်သားငါးဦးသေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် အခြား၁၆ဦး ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ပြည်နယ်ဆေးရုံမှ တာဝန်ရှိသူက ပြောကြားသည်။

ပျက်စီး

ယင်းသေဆုံးသူများတွင် နိုင်ငံခြားသတင်းထောက်နှင့် ကန်ထရိုက်တာတို့ ပါဝင်ပြီး ကန်ဒါဟာမြို့ရှိ ဈေးဆိုင်များနှင့် အိမ်ခြေများ ထိခိုက်ပျက်စီးခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှု ပြည်သူအများအပြား သေဆုံးခဲ့

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံသို့ ၂၀၀၃ ခုနှစ် မတ်လမှစတင်ကာ အမေရိကန်ဦးဆောင်သောတပ်များ ဝင်ရောက်ကျူးကျော်ကတည်းက အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူများ သေဆုံးမှုအများဆုံး ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များမှာ-

၂၀၀၄ ခုနှစ် မတ် ၂	- ဘဂ္ဂဒက်မြို့နှင့် ကာဘာလာဒေသတို့၌ ဗုံးပေါက်ကွဲမှု၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှု အပါအဝင် အသေခံဗုံးဖောက်ခွဲမှုများကြောင့် ၁၈၁ဦး သေဆုံးသည်။
၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၄	- ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု များစွာဖြစ်ပွားခဲ့ရာ ၁၇၈ဦး သေဆုံးသည်။
၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၃	- ဘဂ္ဂဒက်မြို့ရှိ ဆာဒါးစီးတီးအရပ်၌ လက်နက်ကြီးဖြင့်ပစ်ခတ်မှုနှင့် ကားဗုံးပေါက်ကွဲမှုငါးကြိမ်ဖြစ်ပွားရာ အရပ်သား၂၁၅ဦး သေဆုံးခဲ့သည်။
၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၃	- ဘဂ္ဂဒက်မြို့ ရှီးယိုက်ဒေသရှိ ဈေးတစ်ဈေး၌ ထရပ်ကားဖြင့် အသေခံဗုံးဖောက်ခွဲမှုတွင် ၁၃၅ဦး သေဆုံးသည်။
၂၀၀၇ ခုနှစ် ဧပြီ ၁၈	- ဘဂ္ဂဒက်မြို့ရှိ ရှီးယိုက်ဒေသ၌ အသေခံဗုံးခွဲမှု လေးကြိမ်ဖြစ်ပွားရာ ၁၈၃ ဦး သေဆုံးခဲ့သည်။
၂၀၀၇ ခုနှစ် ဇူလိုင် ၇	- ကယ်ကွတ်မြို့တောင်ပိုင်း၌ ထရပ်ကားဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် အီရတ်ပြည်သူ ၁၆၀သေဆုံးခဲ့သည်။
၂၀၀၇ ခုနှစ် ဩဂုတ် ၁၄	- ကာဟာတန်နီယာကျေးရွာ၌ အသေခံထရပ်ကားဗုံးပေါက်ကွဲမှုလေးကြိမ် တစ်ပြိုင်နက်တည်း ဖြစ်ပွားရာ လူပေါင်း ၅၀၀ကျော် သေဆုံးခဲ့သည်။
၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၅	- ဘဂ္ဂဒက်မြို့ အစိုးရရုံးစိုက်ရာဒေသကို ပစ်မှတ်ထားကာ ကားဗုံးပေါက်ကွဲမှုထပ်ဆင့်ဖြစ်ပွားသည့် ဖြစ်စဉ်တွင် ပြည်သူ ၁၅၅ဦး သေဆုံးခဲ့သည်။

(အင်တာနက်)

လမ်းဘေးဗုံး ပေါက်ကွဲမှုများ အာဖဂန်တောင်ပိုင်း၌ ဖြစ်ပွား

ကဘူးလ် အောက်တိုဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အောက်တိုဘာ၂၇ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦးနှင့် အာဖဂန်ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း နေတိုးဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)က သတင်းထုတ်ပြန်သည်။

သေဆုံးသည့် အာဖဂန်တစ်ဦးမှာ အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့တွင် အလုပ်လုပ်နေသည့် အရပ်သားဖြစ်ကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုများကြောင့် အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့ဝင်များစွာ ဒဏ်ရာရရှိသွားကြောင်း၊ နှစ်ရက်အတွင်း အာဖဂန်၌ အမေရိကန် တပ်ဖွဲ့ဝင်၂၀ သေဆုံးခဲ့ရာ လေးနှစ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုအများဆုံးဖြစ်ကြောင်း ယင်းသတင်း၌ ပါရှိသည်။

သေဆုံး

ယခုနှစ်အတွင်း အာဖဂန်၌ သေဆုံးသည့် နိုင်ငံစုံတပ်ဖွဲ့ဝင် အရေအတွက်မှာ ၄၃၆ဦး ရှိသွားပြီဖြစ်သည်။

(အင်တာနက်)

အီရတ်အကြမ်းဖက်တိုက်ခိုက်မှု ကုလသမဂ္ဂ ပြစ်တင်ရှုတ်ချ

ဂျီနီဗာ အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အောက်တိုဘာ ၂၅ရက်က ကားဗုံးပေါက်ကွဲမှု နှစ်ကြိမ်ထပ်ဆင့်ဖြစ်ပွားရာ ပြင်းထန်သည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများစွာ သေဆုံး၊ ဒဏ်ရာရရှိကာ နေအိမ်များအပါအဝင် တရားရုံးဝန်ကြီးဌာနနှင့်အစိုးရအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ သေဆုံး၊ ဒဏ်ရာရရှိပြီး ဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မိသားစုများအတွက် များစွာဝမ်းနည်းမိပါကြောင်း၊ အီရတ်နိုင်ငံ၏ အကြမ်းဖက်လုပ်ရပ်တွင် ပါဝင်သူ၊ ငွေကြေးအထောက်အပံ့ပေးသူနှင့်ဦးဆောင်သူများအားလုံးကို နိုင်ငံတကာဥပဒေနှင့်တကွ သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့်အညီ တရားဥပဒေရှေ့မှောက်သို့ပို့ရန်လိုအပ်ကြောင်း အလေးအနက် ပြောကြားသည်။

တိုက်တွန်း

ထို့ပြင် ကမ္ဘာ့နိုင်ငံများအနေဖြင့် အီရတ်အာဏာပိုင်များနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူအရပ်သားများ ဆေးကုသမှုခံယူနေသည်ကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကဘူးလ်မြို့ ဧည့်ဂေဟာတစ်ခု၌ ပစ်ခတ်မှုဖြစ်ပွား

ကဘူးလ် အောက်တိုဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အောက်တိုဘာ ၂၈ ရက် နံနက်စောစောပိုင်းက ဧည့်ဂေဟာတစ်ခုတွင် သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ဓားစာခံ ကုလသမဂ္ဂဝန်ထမ်းများ သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပစ်ခတ်

အဆိုပါ ပစ်ခတ်မှုတွင် နိုင်ငံခြားတပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဖမ်းဆီးနိုင်

ယင်းဖြစ်ပွားမှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့က သေနတ်သမားများဟု သံသယရှိသူများအား ပစ်ခတ်ပြီး နှစ်ဦးအားဖမ်းဆီးနိုင်ခဲ့သည်။

(အင်တာနက်)

ရဲတပ်ဖွဲ့အလိုရှိသူသုံးဦး အီရတ်၌ လက်ရဖမ်းမိ

ဒီယာလာ အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ဘာကူဘာမြို့အရှေ့မြောက်ဘက် ၁၅၅ကီလိုမီတာအကွာရှိ ခါနာကင်မြို့အနီး၌ လုံခြုံရေးတပ်ဖွဲ့က စစ်သွေးကြွများအား စီးနင်းတိုက်ခိုက်ခဲ့ရာ အလိုရှိသူ စစ်သွေးကြွသုံးဦးကို လက်ရဖမ်းမိကြောင်း ရဲတပ်ဖွဲ့သတင်းဌာနက ပြောကြားသည်။

ဖမ်းဆီးရမိ

ဖမ်းဆီးရမိသူများသည် အကြမ်းဖက်လုပ်ရပ်များ၌ ပူးပေါင်းပါဝင်သူများဖြစ်ပြီး ၄င်းတို့ကို ခါနာကင်မြို့ ကူရာတက်ဘာခရိုင်အလယ်ပိုင်းမှ ဖမ်းဆီးရမိခြင်းဖြစ်သည်ဟုဆိုသည်။ အသေးစိတ်ကိုမူထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

(အင်တာနက်)

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဝမ်းနည်းခြင်း အထိမ်းအမှတ်သုံးရက် အီရတ်အစိုးရ သတ်မှတ်

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အောက်တိုဘာ၂၅ရက်က ဖြစ်ပွားခဲ့သော ထရပ်ကားဗုံးပေါက်ကွဲမှုနှစ်ခု၌ အီရတ်ပြည်သူ ၁၅၅ဦးသေဆုံးခဲ့သဖြင့် အီရတ်အစိုးရက ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် သုံးရက်သတ်မှတ်လိုက်သည်။

ဒဏ်ရာရ

သေဆုံးသူများတွင် တရားရေးဝန်ကြီးဌာနမှ ဝန်ထမ်း၃၅ဦးနှင့် ဘဂ္ဂဒက်ပြည်နယ်ကောင်စီရုံးမှ ဝန်ထမ်း၂၅ဦးပါဝင်ကြောင်း၊ အမေရိကန် လုပ်ငန်းရှင်များအပါအဝင် ဒဏ်ရာရရှိသူ ၂၅ဦးရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

လက်တုံ့ပြန်ချေမှုန်း

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီ ရောက်ရှိလာပြီး အပျက်အစီးများကို ကြည့်ရှုစစ်ဆေးပြီးနောက် ယင်းတိုက်ခိုက်မှုအတွက် အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများအား လက်တုံ့ပြန်ချေမှုန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ပြီး အောက်တိုဘာ ၂၈ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၂၈၁ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရသူဦးရေမှာ ၁၂၆၁၇၁၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၂၈၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၁၇၁၇ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် အောက်တိုဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သောနေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး အောက်တိုဘာ ၂၈ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၁၅ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၇၉၇၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၃၁၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၇၉၇၄ ဦး

(အင်တာနက်)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် အရှေ့ပိုင်း စူကျိုးမြို့၌ (၈)ကြိမ်မြောက် လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး အရောင်းပြပွဲ ကျင်းပလျက်ရှိသည်ကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ (အဆိုပါ ပြပွဲတွင် လျှပ်စစ်ကုမ္ပဏီ ၆၃၀ကျော်ပါဝင်ပြသခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဗင်နီဇွဲလားပိုင်နက်၌ ကိုလံဘီယာ သူလျှိုလုပ်ငန်းပြုလုပ်

ကရာကတ်စ် အောက်တိုဘာ ၂၈

ဗင်နီဇွဲလားနိုင်ငံနှင့် အိမ်နီးချင်း ကိုလံဘီယာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး မှေးမှိန်နေစဉ် ကိုလံဘီယာအစိုးရ၏ လုံခြုံရေးဌာနက ဗင်နီဇွဲလားနိုင်ငံ၏ နယ်မြေတွင် သူလျှိုလုပ်နေကြောင်း၊ ဗင်နီဇွဲလားအစိုးရက မကျေမနပ်ဖွင့်ဟခဲ့ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ဗင်နီဇွဲလားအနေဖြင့် ကိုလံဘီယာအစိုးရ၏ လုံခြုံရေးဌာနက မည်သို့မည်ပုံ သူလျှိုလုပ်ကြံမှုနှင့်ပတ်သက်၍ အသေးစိတ် ပြောကြားမှုမရှိပေ။ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ကိုလံဘီယာနှင့် ဆက်ဆံရေး ရပ်ဆိုင်းထားပြီး ကိုလံဘီယာနယ်မြေပေါ်တွင် အမေရိကန်အခြေစိုက်စခန်း ဖွင့်ခွင့်ပြုမည့်အစီအစဉ်ကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေးကိုလည်း လျှော့ချထားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

အီရန် ယူရေနီယံစက်ရုံ အိုင်အေအီးအေစစ်ဆေးပြီးစီး

တီဟီရန် အောက်တိုဘာ ၂၈

နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ) စစ်ဆေးရေးမှူးများ အီရန်နိုင်ငံ၌ အသစ်ဖွင့်လှစ်လိုက်သော ယူရေနီယံ သန့်စင်စက်ရုံ စစ်ဆေးမှုလုပ်ငန်းများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အီရန်လွှတ်တော် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာကော်မရှင်အကြီးအကဲ ဘောဒိုဂျာဒီက ပြောကြားသည်ကို အိုင်အက်စ်အင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

ရောက်ရှိ

အိုင်အေအီးအေစစ်ဆေးရေးမှူး လေးဦးသည် အီရန်နိုင်ငံတွင် အသစ်ဖွင့်လှစ်လိုက်သော ယူရေနီယံသန့်စင်စက်ရုံကို စစ်ဆေးရန် အောက်တိုဘာ ၂၅ရက်က အီရန်နိုင်ငံ တီဟီရန်မြို့သို့ ရောက်ရှိလာကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

A(H1N1) တုပ်ကွေးရောဂါ ကြိုးပမ်းကာကွယ်ရန် တောင်ကိုရီးယားသမ္မတ ညွှန်ကြားချက်ထုတ်ပြန်

ဆိုးလ် အောက်တိုဘာ ၂၈

ကမ္ဘာပေါ်တွင် လျင်မြန်စွာ ကူးစက်ပျံ့နှံ့နေသော A(H1N1) တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်သွားကြရန်၊ လိုအပ်ချက်များကို ဖြည့်ဆည်းသွားကြရန် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်က သူ၏အစိုးရအဖွဲ့အား အောက်တိုဘာ ၂၆ ရက်က ညွှန်ကြားချက်ထုတ်ပြန်လိုက်သည်။

ပြောကြား

တောင်ကိုရီးယားနိုင်ငံ၌ အမျိုးသားကောလိပ်ဝင်ခွင့်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ရာ အစိုးရအဖွဲ့အနေဖြင့် ယင်း A(H1N1) တုပ်ကွေးရောဂါမပြန့်ပွားရေးအတွက် အထူးဂရုစိုက်သင့်ကြောင်းဖြင့်လည်း တောင်ကိုရီးယား သမ္မတက ဆက်လက်ပြောကြားသည်။

အရေးကြီး

တောင်ကိုရီးယားအစိုးရ၏ အစီအစဉ်အရ တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေ ၄၉ သန်းအနက် ၁၅ ရာခိုင်နှုန်းခန့်ကို ရောဂါကာကွယ်ဆေး ထိုးကြရမည်ဖြစ်ကြောင်း၊ ယင်းကာကွယ်ဆေးကို ကလေး ရောလူကြီးပါ ထိုးကြရမည်ဖြစ်ကြောင်း၊ A(H1N1) တုပ်ကွေးရောဂါ ကာကွယ်ရေးသည် အထူးအရေးကြီးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ



ဖက်ရှင်အလှ

ရုရှားနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ ဖက်ရှင်အလှပြနေသည့် အလှမယ်တစ်ဦးအား အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျပန်ဒိုင်းယက်လွှတ်တော် ပထမအကြိမ်ကျင်းပ

တိုကျို အောက်တိုဘာ ၂၈

ဂျပန်ဒီမိုကရက်တစ်ပါတီမှ ဝန်ကြီးချုပ် ယူကီယိုဟာတိုယာမသည် ဩဂုတ် ၃၀ရက်က သူ၏ပါတီအာဏာရခဲ့ပြီး နောက်ပိုင်း၌ ပထမဦးဆုံးအကြိမ် ဂျပန်နိုင်ငံ၏ ဒိုင်းယက်လွှတ်တော်ကို အောက်တိုဘာ ၂၆ရက်က ဖွင့်လှစ်ကျင်းပခဲ့ကြောင်း၊ ယင်းလွှတ်တော်တွင် ဂျပန်ဝန်ကြီးချုပ်က မဲဆန္ဒရှင်များကို လေးစားကြရန် နိုင်ငံရေးသမားများအား မေတ္တာရပ်ခံလိုက်ပြီး နိုင်ငံရေးခံယူချက် ပြုပြင်ပြောင်းလဲကြရန် ဆော်ဩလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ စုစည်းရေးသားသည်

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါတွင် ကားဗုံးပေါက်ကွဲ လူပေါင်း ၈၀ထက်မနည်းသေဆုံး

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါဈေးကြီး တစ်ဈေးတွင် ဧရာမဗုံး ပေါက်ကွဲမှုကြောင့် ၈၀ ထက်မနည်းသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားသည်။ (အောက်ပုံ)

ယင်းဗုံးပေါက်ကွဲမှုသည် ပါကစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း ဖြစ်ပွားသည့် လူအမြောက်အမြား သေကျေပျက်စီးရသော တိုက်ခိုက်မှုများအနက် အကြီးဆုံးဖြစ်သည်။ ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပက်ရှ်ဝါမြို့တစ်ခုလုံး မီးခိုးလုံးများ ဖုံးသွားသည်။

ဂျပန်စစ်သင်္ဘောနှင့် ကိုရီးယားကုန်သင်္ဘော ကန်မွန်ရေလက်ကြားတွင် တိုက်မိ

ဂျပန်နိုင်ငံ ဖူကူအိုကာစီရင်စုရှိ ကန်မွန်ရေလက်ကြားတွင် ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်(အမ်အက်စ်ဒီအက်ဖ်)ပိုင် ဖျက်သင်္ဘောတစ်စင်းက တောင်ကိုရီးယားပိုင် ကုန်သင်္ဘောနှင့် အောက်တိုဘာ ၂၇ရက်က တိုက်မိကြောင်း ဂျပန်မီဒီယာသတင်းများတွင် ဖော်ပြထားသည်။ အမ်အက်စ်ဒီအက်ဖ်ပိုင် ကူရာမာဖျက်သင်္ဘောတွင် လိုက်ပါလာသည့် သင်္ဘောသားသုံးဦး အနည်းငယ်စီ ဒဏ်ရာရရှိသွားသည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ (အပေါ်ပုံ)

ဘရာဇီး၌ (စီ)ဦးနောက်အမြှေးရောင် ရောဂါဖြစ်ပွား

ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း ဘာဟီယာပြည်နယ်တွင် (စီ)အမျိုးအစား ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားသဖြင့် လေးဦးသေဆုံးသွားကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန အတွင်းဝန်က အောက်တိုဘာ ၂၇ရက်တွင် ပြောကြားသည်။

ပါရာဂွေးနှင့်ဘရာဇီး မီဒီယာပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး

ပါရာဂွေးနှင့် ဘရာဇီးနိုင်ငံတို့သည် အစိုးရပြန်ကြားရေးမီဒီယာ ပိုမိုတောင့်တင်းခိုင်မာအောင်ဆောင်ရွက်ရန် မီဒီယာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စာချုပ်တစ်ရပ်ကို အောက်တိုဘာ၂၇ရက်က လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြသည်။

A(H1N1) တုပ်ကွေးရောဂါဖြစ်မှု ဖင်လန်မူလတန်းကျောင်း ယာယီပိတ်လိုက်ရ

ဖင်လန်နိုင်ငံ အနောက်တောင်ပိုင်း တာကူရှိ မူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူထက်ဝက်ခန့်သည် A(H1N1) တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့ခံရသဖြင့် ထိုကျောင်းကို ယာယီပိတ်ထားလိုက်ရကြောင်း ဖင်လန်မီဒီယာများတွင် အောက်တိုဘာ ၂၇ရက်က ဖော်ပြထားသည်။

ဖိလစ်ပိုင်၌ ကားတိုက်မှု ရှစ်ဦးသေဆုံး၊ ၂၄ဦးဒဏ်ရာရ

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း အစ္စဘဲလားပြည်နယ်တွင် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် ရှစ်ဦးသေဆုံးပြီး ၂၄ဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်း ဖိလစ်ပိုင်မီဒီယာများက ဖော်ပြထားသည်။ ဖြစ်ပွားပုံမှာ အမျိုးသားလမ်းမကြီးတစ်လျှောက် ကာရာယန်ပြည်နယ်ဘက်သို့ မောင်းနှင်လာသော ဘတ်စ်ကားတစ်စီးနှင့် ပစ်ကပ်ကားတစ်စီးတို့တိုက်မိကြခြင်းဖြစ်ကြောင်း ကာရာယန်ရဲတပ်ဖွဲ့အကြီးအကဲ ရဲမှူးရှိဘာတိုဒါမီယန်က ပြောကြားသည်။

29-10 (05).pmd 1 10/28/2009, 1:30 PM

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် မန္တလေးတိုင်းကိုယ်စားပြု မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့၏ 'ဣလ္လိသဒ္ဒိစိတ္တ' ဇာတ်တော် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဣလ္လိသဒ္ဒိစိတ္တဇာတ်တော် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

မန္တလေးတိုင်းကိုယ်စားပြု မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၈

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ **'ဣလ္လိသဒ္ဒိစိတ္တ'** ဇာတ်တော် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်ကို ယနေ့ ည ၇နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမ၌ကျင်းပရာ မန္တလေးတိုင်းကိုယ်စားပြု မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့က ယှဉ်ပြိုင် တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးညီထွန်း၊ ဦးကျော်အောင်နှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ် ပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့ဝင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံသဘင်အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။

မန္တလေးတိုင်းကိုယ်စားပြု မန်းသိင်္ဂါ ရုပ်စုံသဘင်အဖွဲ့ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး ကြီးကြပ်ပြီး ဇာတ်ညွှန်း ရွှေတံဆိပ်ဆုရှင် နန်းမြင့်ဆွေ၊ စီစဉ်ညွှန်ကြားသူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) သဘင်ပညာဌာန ပါမောက္ခ ရွှေတံဆိပ်ဆုရှင် ဒေါ်နုနုခင်၊ ရုပ်စုံကြိုးဆွဲနှင့် ဆို၊ ငို၊ ပြော ပညာရှင်များဖြစ်ကြသည့် မန်းမြို့သိန်းသန်းဝင်း၊ ဒေါ်ဇင်မာဝင်း၊ ဦးခင်မောင်ထွေးနှင့် အဖွဲ့တို့က စိန်ဝမ်းတူး ပုံ့ပိုးဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ငါးရာငါးဆယ် ဇာတ်တော် ဧကနိပါတ်တော်လာ ဣလ္လိသအမည်ရသည့် နှမြောတွန့်တို မိမိဥစ္စာပစ္စည်းကို သူတစ်ပါးအား မပေးလိုဘဲ မူးယစ်သောက်စား သူရာသမား၏ အရက်သေစာ သူရာ သောက်စားမိ၍ ဥစ္စာလည်းဆုံး၊ လူလည်း မုန်း၍ လူလုံးမလှဖြစ်တတ်သည့် လောကသဘာဝတရားကို ပေါ်လွင်အောင် အခန်းစဉ်များဖြင့် ရုပ်စုံသဘင်အနုပညာ ပြည့်ဝစွာ ယှဉ်ပြိုင်တင်ဆက်ကြသည်။ **(သတင်းစဉ်)**

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကဏ္ဍာအလိုက်ပြိုင်ပွဲများ နေပြည်တော်၌ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၂၈

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကဏ္ဍာအလိုက်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဧကာဒသမမြောက်နေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ပြိုင်ပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် လေ့လာရေးအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်ခင်လေးစား တန်ဖိုးထားကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

မဟာဂီတ

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး မဟာဂီတ တေးအဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး ဒေါ်မေပြုံးခိုင်နှင့် ဗဟိုအကဲဖြတ်ပညာရှင်များက ကြီးကြပ်၍ မဟာဂီတ အဆိုအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'သောင်းရွှေလယ်'** (ယိုးဒယား) သီချင်းဖြင့် မွန်ပြည်နယ်မှ မသီဂီဝင်း၊ ရန်ကုန်တိုင်းမှ မစုယဉ်ထွန်း၊ မန္တလေးတိုင်းမှ မပန်းအိ၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ချင်းပြည်နယ်မှ မမိုင်မေသူသူထွန်း၊ မန္တလေးတိုင်းမှ မဟန်နီဟိန်း၊ ပဲခူးတိုင်းမှ မဇာခြည်ဝတ်ရည်ဟန်၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ ကချင်ပြည်နယ်မှ မဝတ်မှုံထွန်း၊ စစ်ကိုင်းတိုင်းမှ မခက်ခက်ဦး၊ ဧရာဝတီတိုင်းမှ မဇင်ဒေဝီထွန်းနှင့် ကရင်ပြည်နယ်မှ မဝင်းလဲ့လဲ့အောင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတတေး အဆိုပြိုင်ပွဲကို ကျင်းပရာ **'နှင်းယွန်းဂီမှာန်'** (မွန်)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးထိန်လင်းအောင်၊ မန္တလေးတိုင်းမှ ဦးပေါ်ကာ၊ ပဲခူးတိုင်းမှ ဦးအေးလွင်၊ ကချင်ပြည်နယ်မှ ဦးလှအောင်၊ ကယားပြည်နယ်မှ ဦးဝင်းအောင်၊ ရန်ကုန်တိုင်းမှ ဦးချမ်းမြွေ၊ မွန်ပြည်နယ်မှ ဦးကြီးမြင့်ဦး၊ မကွေးတိုင်းမှ ဦးဆလိုင်းစံကြည်၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျန်ကပ်နှင့် မန္တလေးတိုင်းမှ ဦးပြေဌေးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ကွက်စိပ်

ကွက်စိပ်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) **'သောတ္ထိသေနသမ္ဘူလ'** ဇာတ်တော်ကြီး ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကွက်စိပ် အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြပြီး ရှမ်းပြည်နယ်မှ မောင်မင်းစိန်(ခ) မျိုးဇော်ကိုက စိန်ကျော်ရွှေဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မန္တလေးတိုင်းမှ ဦးရွှေဖျိုးက ဗိုလ်နိုင်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မကွေးတိုင်းမှ ဦးရန်ပိုင်စိုးက ဗိုလ်စတင်းဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မန္တလေးတိုင်းမှ ဦးသက်ဇော်က ကျော်မိုးနိုင်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း ဟောပြော ပြိုင်ပွဲဝင်ကြသည်။

အကဲဖြတ်

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀)အမျိုးသား ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ်စာသင်ခန်းမ၌ ကျင်းပရာ ပတ္တလားအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမြစတင်းနှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'သောင်းသောင်းညံ'** (ယိုးဒယား) သီချင်းဖြင့် မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလှုံ၊ ရန်ကုန်တိုင်းမှ မောင်စောနောင်၊ စစ်ကိုင်းတိုင်းမှ မောင်ကျော်သက်၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုကိုစိုး၊ မကွေးတိုင်းမှ မောင်အောင်ကိုကို၊ တနင်္သာရီတိုင်းမှ မောင်ဇော်တင့်လင်းနှင့် မန္တလေးတိုင်းမှ မောင်ဗိုလ်ထူးတို့ တီးခတ် ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက် ကျင်းပရာ **'အမင်းမင်းခရ'** (သီချင်းခံ) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်လှလှဌေး၊ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်း၊ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ပဲခူးတိုင်းမှ မခိုင်သန္တာစိုးနှင့် စစ်ကိုင်းတိုင်းမှ မခိုင်ဇင်လင်းတို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

မယ်ဒလင်အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် သစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ မယ်ဒလင်အတီးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးမောင်မှီနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ကန္တာတောခြေ'** (ယိုးဒယား) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မောင်ကျော်မျိုးနိုင်၊ ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်နှင့် မောင်စည်သူထွန်း၊ ဧရာဝတီတိုင်းမှ မောင်အောင်အောင်ဟိန်း၊ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးပိုင်နှင့် ပဲခူးတိုင်းမှ မောင်လှဘုန်းထက်တို့ ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် **'ဘုံဆောင်မြင့်'** (ကြိုး)သီချင်းဖြင့် ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ ရန်ကုန်တိုင်းမှ မအေးမြင့်မြတ်နှင့် မသက်ထားဝေ၊ ပဲခူးတိုင်းမှ မထက်ထက်လှိုင်နှင့် ဧရာဝတီတိုင်းမှ မစုစုထက်အောင်တို့ တီးခတ် ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

တီးခတ်ပြိုင်ပွဲဝင်

မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲများကို ပြန်လည်ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မယ်ဒလင် အတီးပြိုင်ပွဲတွင် **'ပွဲကြိုက်မယ်'** (ကာလပေါ်)သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးပြေဌေးနှင့် ဦးအေး၊ မကွေးတိုင်းမှ ဦးသန်းထွန်း၊ ရန်ကုန်တိုင်းမှ ဦးဌေးဝင်းနှင့် ဦးချိုကြီး၊ ရခိုင်ပြည်နယ်မှ ဦးအောင်နိုင်ဝင်း၊ မွန်ပြည်နယ်မှ ဦးဝင်းထွဋ်၊ ပဲခူးတိုင်းမှ ဦးသန်းရှိန်၊ ဧရာဝတီတိုင်းမှ ဦးသက်အောင်စိုး၊ စစ်ကိုင်းတိုင်းမှ ဦးမြသန်းထွန်း၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်နှင့် ချင်းပြည်နယ်မှ ဦးရဲဝင်းထွန်းတို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

မယ်ဒလင်အတီးယှဉ်ပြိုင်

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး မယ်ဒလင် အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ ဒေါ်ငုဝါထွန်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး မယ်ဒလင် အတီးပြိုင်ပွဲတွင် **'ယမုန်နာ'** (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်အေးအေးကျော်နှင့် ဒေါ်နွေဇင်ဝင်း၊ ပဲခူးတိုင်းမှ ဒေါ်ငုဝါထွန်းတို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲကို နံနက် ၉ နာရီခွဲတွင် စိုက်ပျိုးရေး သုတေသနသင်တန်းခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မစန်းမြမြအဖွဲ့နှင့် မခင်နှင်းဖွေးအဖွဲ့၊ မွန်ပြည်နယ်မှ မရွှေမိမိအောင်အဖွဲ့၊ မန္တလေးတိုင်းမှ မဝင်းမြတ်ကြည်အဖွဲ့နှင့် မသီသီအောင်မင်းအဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်ကို ခေတ္တရပ်နားသည်။

အောင်မြင်စွာကျင်းပပြီးစီး

ထို့နောက် မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်ကို ဆက်လက် ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်းအဖွဲ့၊ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းအဖွဲ့နှင့် ရန်ကုန်တိုင်းမှ ဒေါ်လှလှဌေးအဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး ညနေပိုင်းတွင် ကဏ္ဍာအလိုက်ပြိုင်ပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

တာမွေမြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးနှင့် စာကြည့်တိုက် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်အေး ဦးဆောင်သောအဖွဲ့ အောက်တိုဘာ ၁၃ရက်က ကျားကွက်သစ်ရပ်ကွက် သုတပဒေသာ စာကြည့်တိုက်သို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး

ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အောက်တိုဘာ ၂၂ရက် မွန်းလွဲပိုင်းတွင် ဟွာဟင်းမြို့ ဒူဆစ်ဌာနီဟိုတယ်၌ ကျင်းပသည့် အာဆီယံပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးသို့ အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ထိပ်သီးအစည်းအဝေးများတွင် ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ထိပ်သီးအစည်းအဝေးများတွင် ဆွေးနွေးမည့် ဘာသာရပ်များနှင့် ထိပ်သီးအစည်းအဝေးများမှ အတည်ပြု ထုတ်ပြန်မည့် ကြေညာစာတမ်း၊ ကြေညာချက်၊ စာရွက်စာတမ်းများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ အတွင်းရေးမှူးချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတွင် ဒုတိယအတွင်းရေးမှူးချုပ် ခန့်ထားခြင်းကို အတည်ပြုပေးရေး ကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

ဖြေရှင်းနိုင်

ထို့နောက် ဝန်ကြီးသည် အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများနှင့် အာဆီယံ ပဋိညာဉ် စာတမ်းဆိုင်ရာ အဆင့်မြင့်ဥပဒေ ကျွမ်းကျင်သူများ အဖွဲ့တို့ တွေ့ဆုံသည့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် အာဆီယံ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များဆိုင်ရာ သဘောတူညီချက်၊ အဖွဲ့ဝင် နိုင်ငံများအကြား ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှု ပြဿနာများကို ဖြေရှင်းနိုင်မည့် ယန္တရား အစီအမံဆိုင်ရာ နောက်ဆက်တွဲ သဘောတူညီချက်(မူကြမ်း)နှင့် တရားရင်ဆိုင်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ဖြစ်ပေါ်တိုးတက်မှု

ဝန်ကြီးသည် ညနေပိုင်းတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ယင်း အလုပ်သဘော ညစာစားပွဲတွင် ဒေသတွင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အတွက် အစီအမံတစ်ရပ်ပေါ်ထွန်းရေးကိစ္စ၊ ဆိုင်ကလုန်း နာဂစ်နောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်ရေးကိစ္စ၊ ပထမအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး ကျင်းပရေးကိစ္စ၊ အာဆီယံပဋိညာဉ် စာတမ်းအရ အာဆီယံနိုင်ငံများအကြား အငြင်းပွားမှု ဖြေရှင်းရေးယန္တရားတည်ဆောက်ရေးဆိုင်ရာ နောက်ဆက်တွဲ စာချုပ် မူကြမ်းကိစ္စ၊ ချူကလီးယားလက်နက် မပြန့်ပွားရေးကိစ္စ၊ အာရှ-ပစိဖိတ် အသိုက်အဝန်းနှင့်အရှေ့အာရှ အသိုက်အဝန်း တည်ထောင်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ် တိုးတက်မှုများကို အသိပေးပြောကြားခဲ့သည်။

လက်မှတ်ရေးထိုး

ဝန်ကြီးသည် အောက်တိုဘာ ၂၅ရက် မွန်းလွဲပိုင်းတွင် (၁၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများမှ ထုတ်ပြန်မည့် ကြေညာချက်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဝန်ကြီးသည် အာဆီယံ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အာဆီယံ-တရုတ် ဗဟိုဌာန ထူထောင်ရေး နားလည်မှုစာချွန်လွှာတို့ကို အခြားအာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများနှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၀-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **ကံထူးဉာဏ်ထူးနိဗ္ဗာန်ကူး** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆း၄၅ စွယ်တော်လေးဆူ ဆုပန်ယူ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ**(အပိုင်း-၄)
- ၈း၃၀ Sports World (Hot Water-2)
- ၈း၅၅ **မက်မဆုံးတဲ့ပြက်လုံးများ** ကျော်ဂုဏ်၊ သိန်းဇံ၊ နောက်တိုး၊ ချစ်ချော
- ၉း၁၅ Activities in the City မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ (၄၇) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်
- ၉း၂၅ Fashion Talk(Stage Fashion)
- ၁၀း၁၀ လတန်ဆောင်ရဲ့ ကုသိုလ်ပွဲ ပြည်လုံးချမ်းသာမဟာဝါဠုကစေတီတော်
- ၁၀း၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဗီးနပ်စ်ရဲ့ လပ်ဖ်**
- ၁၁း၁၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဂျူကာနှင့် တွေ့ဆုံခြင်း)
- ၁၁း၃၅ ဆွမ်းသိမ်းအောင်ပွဲ တူယှဉ်ဖွဲ့ နိဗ္ဗာန်လှမ်းမယ့်ပွဲ
- ၁၁း၅၀ လှမ်းလာခဲ့ပါ…နောင်အင်းလေးကကြို့နေမှာ
- ၁၂း၁၅ ရန်ကုန်မြင်ကွင်းကျယ် (ရသာမုန် ယမ်ယမ်ခေါက်ဆွဲ၏ မြန်မာနှစ်သစ်ကူးကံစမ်းမဲအစီအစဉ်)
- ၁၂း၂၅ အိုမင်းမှု၊ ရောဂါများနှင့် Antioxidant
- ၁း၀၀ **ကံထူးဉာဏ်ထူးနိဗ္ဗာန်ကူး** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Yuzuna Bridal Show-1)
- ၃း၄၀ Activities in the City မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ (၄၇) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်
- ၃း၅၀ လတန်ဆောင်ရဲ့ ကုသိုလ်ပွဲ (ပြည်လုံးချမ်းသာ မဟာဝါဠုကစေတီတော်)
- ၄း၁၀ ရန်ကုန်မြင်ကွင်းကျယ် (စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်ပွဲ)
- ၄း၄၀ ဆွမ်းသိမ်းအောင်ပွဲ တူယှဉ်ဖွဲ့ နိဗ္ဗာန်လှမ်းမယ့်ပွဲ
- ၄း၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ ဗီးနပ်စ်ရဲ့လပ်ဖ်
- ၅း၃၀ ဂီတသရုပ်ပြခန်း (ဖိုးကာ-တိုးတိုးလေးပြောပါ)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဂျူကာနှင့် တွေ့ဆုံခြင်း)
- ၆း၄၅ ကုသိုလ်ပြုမယ် တန်ဆောင်တိုင်ဝယ်
- ၇း၀၅ Fashion Music Festival (Yuzana Bridal Show-1)
- ၇း၅၀ Mobile Amazing
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ **မက်မဆုံးတဲ့ပြက်လုံးများ** ကျော်ဂုဏ်၊ သိန်းဇံ၊ နောက်တိုး၊ ချစ်ချော
- ၈း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ရသာမုန် ယမ်ယမ်ခေါက်ဆွဲ၏ မြန်မာနှစ်သစ်ကူးကံစမ်းမဲအစီအစဉ်)
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ**(အပိုင်း-၄)
- ၁၀း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁း၄၅ လှမ်းလာခဲ့ပါ…နောင်အင်းလေးကကြို့နေမှာ
- ၁၂း၀၅ **မီးမီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း) [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
- ၁၂း၁၅ အမှောင်ခွင်း၍လင်းစေတာ မကွေးတိုင်း ဂန့်ဂေါခရိုင်မှာ
- ၁၂း၃၅ သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့
- ၁၂း၄၅ တံငါတံတား
- ၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်ပွဲ)
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများ ဒုတိယအကြိမ် ဂုဏ်ပြုကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ညွှန်ပြမှုအရ မြန်မာနိုင်ငံအားကစား ကလောင်ရှင်များအဖွဲ့ချုပ်က ဒုတိယအကြိမ် သက်ကြီးဝါရင့်အားကစား ကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့ပွဲကို နိုဝင်ဘာ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ကန်တော့မည်

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် အားကစားစာပေများကို နှစ်ပေါင်းများစွာရေးသားခဲ့၍ အများက လေးစားအသိအမှတ်ပြုခဲ့ကြရသည့် အသက်(၇၀)နှင့်အထက် အားကစား ကလောင်ရှင်ကြီးများဖြစ်သော ဆရာစစ်ကိုင်းကြည်ညွှန့်၊ မောင်ရဲဝင်း၊ ခင်မောင်ထွေး(ပျဉ်းမနား)၊ မိုးမိုးတာရောစ်၊ တက္ကသိုလ်ကိုကိုကြီး၊ ဗဟိုသိမ်းဆောင်၊ လင်းရောင်(မင်းလှ)၊ ထင်အောင်(ကာယပညာ)၊ တက္ကသိုလ်စိုးဝင်းနှင့် ဘာမထီခင်အောင် စုစုပေါင်း၁၀ဦးတို့အား အားကစားလောကမှ ပုဂ္ဂိုလ်များနှင့် အားကစားကလောင်ရှင်များက ဂုဏ်ပြုငွေ၊ ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြမည်ဟု သိရသည်။ *(မြန်မာ့အလင်း)*

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် ဦးဆောင်သည့် အဖွဲ့ဝင်၂၇ဦးပါ အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးကျွန်းတွင် အောက်တိုဘာ ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပမည့် World Rice Conference 2009 သို့ တက်ရောက်ရန် အောက်တိုဘာ၂၆ရက် နံနက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး

ဝန်ကြီး ဦးစိုးသာ တက်ရောက်ပြီး စာချုပ်များလက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သော အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် အောက်တိုဘာ ၂၂ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ ဒူဆစ်ဌာနီဟိုတယ်၌ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ်များ အတည်ပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

မိတ်ဖက်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးလုပ်ငန်း အကြံပေး ကော်မတီဝင်များ တွေ့ဆုံပွဲသို့ တက်ရောက်၍ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား မိတ်ဖက်ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့အလားအလာတို့ကို ဆွေးနွေးခဲ့သည်။ ထို့နောက် ဝန်ကြီးသည် တစ်ဆက်တည်း ကျင်းပသည့် အာဆီယံဒေသတွင်း မော်တော်ယာဉ်ထုတ်လုပ်မှု ဖက်ဒရေးရှင်းမှ ရှင်းလင်းတင်ပြမှု အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အကောင်အထည်ဖော်မှု

ဝန်ကြီးသည် အဆိုပါနေ့ မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ်မြောက် အာဆီယံ စီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်မှု အခြေအနေများနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကဏ္ဍဆိုင်ရာ ဝန်ကြီးများအစည်းအဝေး အစီရင်ခံစာတို့အပေါ် ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဝန်ကြီးသည် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့တက်ရောက်ပြီး အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အရှေ့အာရှဒေသ ပေါင်းစည်းရေးလေ့လာမှုများအပေါ် ဆွေးနွေးခဲ့သည်။

ရင်းနှီးမှု

ဝန်ကြီးသည် အောက်တိုဘာ ၂၄ရက် နံနက်ပိုင်းတွင် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးတို့၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံ-အိန္ဒိယကုန်စည်ကုန်သွယ်မှု သဘောတူစာချုပ်၌ ပါဝင်လက်မှတ်မရေးထိုးရသေးသော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ လက်မှတ်ရေးထိုးကြပြီး ဆက်လက်ဆောင်ရွက်ရန်ရှိသော ဝန်ဆောင်မှုနှင့် ရင်းနှီးမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးသည် အဆိုပါနေ့ မွန်းလွဲပိုင်းတွင် ဂျပန်-မဲခေါင် စီးပွားရေးဝန်ကြီးများ၏ ပထမအကြိမ် အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ဂျပန်-မဲခေါင် ကနဦးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နှင့် လာမည့် နိုဝင်ဘာလအတွင်းကျင်းပမည့် ဂျပန်-မဲခေါင်ထိပ်သီး အစည်းအဝေးဆိုင်ရာ ကိစ္စရပ်တို့ကိုဆွေးနွေးခဲ့သည်။

ကြေညာချက်

ဝန်ကြီးသည် အောက်တိုဘာ ၂၅ရက် မွန်းလွဲပိုင်းတွင် ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများမှ ထုတ်ပြန်မည့် ကြေညာချက်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

လက်မှတ်ရေးထိုး

ဝန်ကြီး ဦးစိုးသာသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းနယ်ပယ်၌ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရတို့အကြား အသိဉာဏ်ပစ္စည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကို အခြားအာဆီယံ စီးပွားရေး ဝန်ကြီးများနှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

မြို့နယ်စည်ပင်သာယာ ကျောက်ချောလမ်းခင်း

မြင်းခြံ အောက်တိုဘာ ၂၈

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် နဘူးအိုင်-ဆီမီးခုံကျေးရွာချင်းဆက်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်း အရှည်၁၂၁၂၇ပေ၊ အကျယ် ၁၂ပေ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၆ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးကျော်သူအောင်တို့က ကွင်းဆင်းစစ်ဆေးရာလုပ်ငန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းက ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ကမ္ဘောဇအသင်းနိုင်ပွဲရပြီး ဇေယျာရွှေမြေအသင်း နှစ်ပွဲဆက်ရှုံး

ရန်ကုန် အောက်တိုဘာ ၂၈

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၃၃)ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ကမ္ဘောဇအသင်းက ဇေယျာရွှေမြေအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ညနေ ၄နာရီ

သုဝဏ္ဏကွင်း

ဆောက်သမ်းမြန်မာ - ရန်ကုန်ယူနိုက်တက်

(မြန်မာ့အလင်း)

တံတားတည်ဆောက်မှု ကွင်းဆင်းဆောင်ရွက်

ကဝ အောက်တိုဘာ ၂၈

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် မြို့ပြစက်လမ်းတံတားအမှတ်(၂) တည်ဆောက်ထားရှိမှုကို အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ဦးသိန်းဇော်ဦး ဆောင်ရွက်လျက်ရှိရာ၌ အမှုဆောင်အရာရှိ ဦးသန်းဦး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

29-10 (07).pmd 1 10/28/2009, 1:30 PM

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အပါအဝင် အရှေ့အာရှ (၁၆)နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ကျင်းပသည့် (၄)ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးတွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ H.E.Mr.Lee Myung-bak၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် Mr. Kevin Michael Rudd၊ နယူးဇီလန် နိုင်ငံဝန်ကြီးချုပ် John Key နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ထိပ်သီးအစည်းအဝေးကျင်းပမည့် Royal Dusit Grand Ballroom(A) သို့ နံနက် ၈နာရီတွင် ရောက်ရှိလာကြရာ အိမ်ရှင်ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ထိပ်သီးအစည်းအဝေးမစတင်မီ အရှေ့အာရှ(၁၆)နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သဘာပတိ

ထို့နောက် (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးကို နံနက် ၉နာရီတွင် ကျင်းပရာ အိမ်ရှင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ယင်းထိပ်သီးအစည်းအဝေးတွင် အရှေ့အာရှနိုင်ငံများ၏ ခေါင်းဆောင်များက ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယား လက်နက်ကင်းစင်ရေး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးအခက်အခဲ ကျော်လွှားရေး၊ ကိုပင်ဟေဂင်ပတ်ဝန်းကျင် ထိပ်သီး အစည်းအဝေး အောင်မြင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ စားနပ်ရိက္ခာနှင့်စွမ်းအင်၊ ဘဏ္ဍာရေးအကျပ်အတည်းများ စုပေါင်းဖြေရှင်းရေး၊ အရှေ့ အာရှ အသိုက်အဝန်းထူထောင်ရေး ကိစ္စများအပေါ် ညှိနှိုင်းဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ နံနက် ၁၁နာရီခွဲတွင် Napalai Ballroom (A) ၌ ကျင်းပသည့် အရှေ့အာရှနိုင်ငံ ခေါင်းဆောင်များ၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

အသိအမှတ်ပြု

အဆိုပါ အလုပ်သဘော နေ့လယ်စာစားပွဲတွင် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်က အာရှ-ပစိဖိတ် အသိုက်အဝန်းကို သက္ကရာဇ် ၂၀၂၀တွင် တည်ထောင်ရန် အဆိုပြုတင်ပြသည်။ ယင်းအဆိုပြုတင်ပြချက်အပေါ် အရှေ့ အာရှနိုင်ငံ ခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အာဆီယံ နိုင်ငံအကြီးအကဲများက ဩစတြေးလျနိုင်ငံ၏ အဆိုပြုချက်ကို ရေရှည်ရည်မှန်းချက်အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်းလွဲ၁နာရီခွဲတွင် ဟွာဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit Grand Ballroom ၌ ကျင်းပသည့် အာဆီယံ+၁၊ အာဆီယံ+၃နှင့် (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေး များမှ ထုတ်ပြန်သည့် စာရွက်စာတမ်းများ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်သည်။

လက်မှတ်ရေးထိုးပွဲ

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘု ဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ်ဘင်ထွန်းဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာ ဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် အပီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေး ဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား အသိဉာဏ်ပစ္စည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ အရှေ့တောင်အာရှ နိုင်ငံများအသင်း၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များဆိုင်ရာ သဘောတူညီမှု စာချွန်လွှာနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အာဆီယံ-တရုတ်ဗဟိုဌာန တည်ထောင်ရေး နားလည်မှု စာချွန်လွှာတို့ကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်
ည့် အရှေ့အာရှနိုင်ငံ ခေါင်းဆောင်များ၏ အလုပ်

င် ဝန်ကြီးချုပ်က အာရှ-ပစိဖိတ် အသိုက်အဝန်းကို
င်းအဆိုပြုတင်ပြချက်အပေါ် အရှေ့ အာရှနိုင်ငံ
နိုင်ငံအကြီးအကဲများက ဩစတြေးလျနိုင်ငံ၏
ည်။
ဟင်းမြို့ Dusit Thani Hotel ရှိ Royal Dusit
၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေး
အခမ်းအနားသို့ တက်ရောက်သည်။

ဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်
ျုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ
တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘု
ထွန်းဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ
ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်
စ္စတာငုယင်တန်ဇွန်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ
ံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေး
် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများမှ ထုတ်ပြန်သည့် စာရွက်စာတမ်းများ လက်မှတ်ရေးထိုးပွဲကို မွန်းလွဲ ၁နာရီခွဲတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား အသိဉာဏ်ပစ္စည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကို မြန်မာနိုင်ငံဘက်မှ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာကလည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များဆိုင်ရာ သဘောတူညီမှုစာချွန်လွှာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အာဆီယံ-တရုတ် ဗဟိုဌာန တည်ထောင်ရေး နားလည်မှုစာချွန်လွှာတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းကလည်းကောင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လက်မှတ်ရေးထိုးပြီးသော နားလည်မှုစာချွန်လွှာများနှင့် သဘောတူညီမှု စာချွန်လွှာများကို ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က အာဆီယံအတွင်းရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်လိုက်သည်။

ပိတ်ပွဲအခမ်းအနား

ယင်းနောက် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို မွန်းလွဲ၂နာရီတွင် Dusit Thani Hotel ရှိ Royal Dusit Grand Ballroom ၌ပင်ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ၂၀၁၀ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်မည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ တာဝန်များကိုပေးသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

...အား

...၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံ

(သတင်းစဉ်)

...ယံနိုင်ငံများမှ ဝန်ကြီးများ အရှေ့တောင်အာရှ
...ဘာတူညီမှု စာချွန်လွှာနှင့် အာဆီယံအဖွဲ့ဝင်
...တရုတ်ဗဟိုဌာန တည်ထောင်ရေး နားလည်မှု

(သတင်းစဉ်)

ဒုတိယအကြိမ် အာဆီယံလူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သော မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း လုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် အောက်တိုဘာ ၂၂ရက် မွန်းလွဲ ၂နာရီတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံလူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီအစည်းအဝေး [The Second Meeting of the ASEAN Socio- Cultural Community (ASCC) Council] သို့ တက်ရောက်ခဲ့သည်။

ပါဝင်ဆွေးနွေး

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် (၁၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ အတည်ပြုရန် ဘာသာရပ်များဖြစ်သော အာဆီယံလူမှုအသိုက်အဝန်း စောင့်ရှောက်ရေးနှင့်ကူညီရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ရေးအတွက်ပညာရေးဆိုင်ရာ ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျစ်လျစ် ခိုင်မာစေရေးအတွက် ချာအမ်း- ဟွာဟင်း ကြေညာချက်မူကြမ်းအပေါ် ဆွေးနွေးခြင်း အစီအစဉ် (Draft Cha-am Hua Hin Declaration on Strengthening Cooperation on Education to Achieve an ASEAN Caring and Sharing Community)၊ (၁၅)ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံနှင့် ကျိုတိုသဘောတူစာချုပ်ဆိုင်ရာ (၅)ကြိမ်မြောက် အစည်းအဝေးအတွက် အာဆီယံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြေညာချက်မူကြမ်း(Draft ASEAN Joint Statement on Climate Change to the 15th Session on the Conference of the Parties to the United nation Framework Convention on Climate Change and the 15th Session of the Conference of Parties serving at the Meeting of Parties to the Kyoto Protocol) အပေါ် ဆွေးနွေးခြင်းအစီအစဉ်၊ အာဆီယံ၏ ဆက်နွယ်မှုအပေါ် အာဆီယံအဖွဲ့ဝင်ခေါင်းဆောင်များ၏ အဆိုပြုချက် မူကြမ်း(Revised Draft ASEAN Leaders' Statement on ASEAN Connectivity) တို့ အပေါ် ဆွေးနွေးခြင်းအစီအစဉ်၊ အာဆီယံ လူမှုရေး- ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီက မှတ်တမ်းတင်ရမည့် အကြောင်းအရာဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံကော်မတီဖွဲ့စည်းနိုင်ရေးအတွက် စည်းကမ်းသတ်မှတ်မှု မူကြမ်း (Draft Terms of Reference of the ASEAN Commission on the Promotion and Protection of the Rights of Women and Children-ACWC) တို့အပေါ် ဆွေးနွေးခြင်း အစီအစဉ်၊ အခြားကိစ္စရပ်များဖြစ်သော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အကျပ်အတည်းကြောင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများအပေါ် ဒေသဆိုင်ရာ သုံးသပ်ချက် လတ်တလော အစီရင်ခံစာ (Snap- shot Report of the Regional Assessment on the Social Impact of the Global Financial Crisis) ဆွေးနွေးမှု အစီအစဉ်၊ ဆင်းရဲမွဲတေမှုလျှော့ချရေးဆိုင်ရာ စတုတ္ထအကြိမ် အာဆီယံ+၃ အဆင့်မြင့်အရာရှိများအဆင့် အစည်းအဝေးမှသုံးသပ်ချက်များ (Recommendations of the 4th ASEAN+3 High Level Seminar on Poverty Reduction) အပေါ် ဆွေးနွေးမှု အစီအစဉ်၊ အာဆီယံသီချင်းနှင့်ယဉ်ကျေးမှုပွဲတော်ကျင်းပရေး (ASEAN Songs and Cultural Festival) ဆွေးနွေးခြင်း အစီအစဉ်တို့တွင် ပါဝင်ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

မိတ္ထီလာစက်မှုလက်မှုသိပ္ပံ(၁၉၈၆-၂၀၀၀) မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

မိတ္ထီလာစက်မှုလက်မှုသိပ္ပံ(၁၉၈၆-၂၀၀၀)၏ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို နိုဝင်ဘာ၁၄ရက် (စနေနေ့) ညနေ ၄နာရီခွဲတွင် မိတ္ထီလာမြို့ရှိ တော်ဝင်နန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများအား ကန်တော့ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူများပါဝင်ဆင်နွှဲကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်နိုင်

ယင်းအခမ်းအနားသို့ အဝေးဒေသအသီးသီးတို့မှ ဆရာ ဆရာမကြီးများအတွက် ခရီးအသွား/အပြန်၊ တည်းခိုရေးနှင့် စားသောက်ရေးတို့ကို ကြိုတင်စီစဉ်ပေးနိုင်ရေးအတွက်လှူဒါန်းလိုပါက မိတ္ထီလာမြို့မှ ကိုကျော်ဆွေ-မမျိုးမျိုး ဖုန်း-၀၉-၆၈၀၄၂၇၅နှင့် ၀၉-၂၂၀၁၁၉၃၊ ကိုဇော်လတ် ဖုန်း-၀၆၄-၂၅၉၄၅၊ ကိုစောလှဖြူ-မစန်းစန်းဝါ ဖုန်း-၀၉-၂၂၀၁၁၅၀ နှင့် ၀၉-၂၂၀၁၃၅၁၊ ကိုလေးမြင့် ဖုန်း-၀၉-၂၂၀၀၉၇၁၊ ကိုစိုးလှိုင်ဦး ဖုန်း-၀၉-၆၅၂၀၂၃၀ နှင့် ကိုစိုးသန်း ဖုန်း-၀၉-၂၂၂၅၆၅၄၊ ရန်ကုန်မြို့မှ ဒေါ်ခင်ခင်ဦး ဖုန်း-၀၉-၅၁၃၈၄၉၆နှင့် ၀၅၆-၂၁၂၁၅၊ ဒေါ်သောင်းစိန် ဖုန်း-၀၉-၄၃၃၉၆၁၇၆၊ ကိုဇော်လွင်သန်း-မခိုင်မျိုးကျော် ဖုန်း-၀၉-၅၀၂၅၄၂၉၊ ၀၉-၅၀၇၁၅၃၄နှင့် ၀၁-၂၄၅၉၉၃၊ ကိုခင်မောင်သိန်း ဖုန်း-၀၉-၅၁၉၅၇၀၁နှင့် ကိုမြင့်ဦး ဖုန်း-၀၉-၅၁၂၄၁၁၆ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၀-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	**အင်္ဂဇေယမင်္ဂလာ** ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	အကပဒေသာ
၈:၁၀	၇။	အတီးပြိုင်ပွဲ
၈:၂၅	၈။	တေးဂီတအစီအစဉ်
၈:၄၀	၉။	International News
၈:၄၅	၁၀။	**အသက်ကလေးရယ်တဲ့ရှည်စေလို**
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀	၃။	အဆိုပြိုင်ပွဲ
၄:၃၀	၄။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၄၀	၅။	တေးဂီတအစီအစဉ်
၄:၅၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၅	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅	၈။	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီးဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၅:၃၀	၉။	တေးဂီတအစီအစဉ်
၅:၄၀	၁၀။	**ကောင်းကင်ယံမှာဝဲကာပျံ တောင်ကြီးမြို့မှ မီးပုံးပျံ**
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	ပျော်ရွှင်စေသောနေ့ရက်များ **ဘောလုံးကန်နည်း**(အပိုင်း-၁) သူရလင်း၊ ယမင်းမြင့်သိန်း (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၀	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၇)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၆၉)
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (တတိယတွဲ)(အပိုင်း-၁၈)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဗီတာမင်(စီ)နှင့် ကြေးနီဓာတ်ကြွယ်ဝသည့် ပန်းသစ်တော်

ပန်းသစ်တော်သည် ဗီတာမင်(စီ)နှင့်ကြေးနီဓာတ်ကြွယ်ဝသည့် သစ်သီးဖြစ်သည်။ ဗီတာမင်(စီ)နှင့် ကြေးနီဓာတ်နှစ်မျိုးစလုံးသည် ခန္ဓာကိုယ်အတွင်း အောက်ဆီဂျင်ဓာတ်နှင့် ဆက်နွယ်၍ ကလာပ်စည်းများ မပျက်စီးရအောင် အထောက်အကူဖြစ်စေသည့် ဓာတ်တိုးပစ္စည်း ဆန့်ကျင်ဆေးအဖြစ် ယူဆနိုင်သည့် အာဟာရဓာတ်များဖြစ်ကြသည်။

ဗီတာမင်(စီ)သည် ခန္ဓာကိုယ်အတွင်း ရေပျော်ဝင်နိုင်သည့် နေရာအားလုံးတွင် ဓာတ်တိုးပစ္စည်းဆန့်ကျင်ဆေးအဖြစ် တွေ့ရသည်။ ထို့ပြင် ဇက်တီးရီးယားနှင့် ဗိုင်းရပ်စ်အများအပြားကို တိုက်ရိုက်သတ်ပေးသည်။

ပန်းသစ်တော်သည် နှလုံးသွေးကြောနှင့် အူမကြီးကျန်းမာရေးကို ပိုကောင်းမွန်စေသည်။ သွေး၌ အဆီဓာတ်လွန်ကဲသဖြင့် သွေးကြောကျဉ်းသူများ၊ သွေးချို၊ ဆီးချိုရောဂါကြောင့် နှလုံးရောဂါဖြစ်မည့်သူများအတွက် ပန်းသစ်တော်သည် အကောင်းဆုံးအာဟာရပင်ဖြစ်သည်။

ပန်းသီး၊ စွန်ပလွံသီး၊ ကတွတ်သီး၊ မက်မန်းနှင့်ဆင်သော ဆီးသီးခြောက်တို့ကဲ့သို့ပင် ပန်းသစ်တော်တွင် အမျှင်ဓာတ်ကြွယ်ဝသည်။ ပန်းသစ်တော် စားသုံးခြင်းဖြင့် သွေးဆုံးအမျိုးသမီးများ ရင်သားကင်ဆာဖြစ်ပွားခြင်းမှ အကာအကွယ်ပေးနိုင်သည်။ ။

မြန်မာ့အမြင့်သဘင်

ဒေါက်တာခင်မောင်ညွန့်

ကမ္ဘာ့နိုင်ငံများတွင် (၁)တုတ်ထိုးရုပ်သေး၊ (၂)လက်ထိုးရုပ်သေး၊ (၃)ကြိုးဆွဲရုပ်သေး၊ (၄)အရိပ်ရုပ်သေး၊ (၅)သားရေပြားရုပ်သေး၊ (၆)ရေရုပ်သေးဟု အမျိုးမျိုးရှိရာ စင်တင်ကရသောကြောင့် အမြင့်သဘင်ဟုခေါ်သော မြန်မာ့ရုပ်သေးသည် ကြိုးဆွဲရုပ်သေးဖြစ်သည်။ ၁၈ရာစုခန့်က မြန်မာ့ရုပ်သေး စတင်ပေါ်ထွန်းလာသည်ဟု မှန်းဆပြောကြ၊ ရေးကြသည်။ မြန်မာနိုင်ငံတွင် ကြိုးဆွဲရုပ်သေးသာရှိခဲ့ပြီး အခြားရုပ်သေးမျိုးများမရှိခဲ့ပါ။ အခြားနိုင်ငံများမှ ရုပ်သေးရောက်လာသည်ဆိုပါက ကြိုးဆွဲရုပ်သေးထက် ပို၍ လွယ်ကူသော တုတ်ထိုး၊ လက်ထိုး၊ အရိပ်ရုပ်သေးများ အဘယ့်ကြောင့် မြန်မာနိုင်ငံတွင် မရှိပါသနည်း။

၁၈ရာစုရောက်မှ မြန်မာ့ရုပ်သေး ပေါ်ထွန်းလာသည်ဟူသော အယူအဆ မမှန်ကြောင်းကို မြန်မာ့ရှေးဟောင်းကျောက်စာ၊ မင်စာ၊ စာပေသီချင်းတို့က သက်သေပြုကြပါသည်။ ရုပ်သေးဆရာကြီးတို့ဆိုခဲ့သော သီချင်းများတွင် "ရုပ်သေးအစ၊ ကျုံးသုံးတန်နှင့်၊ ပုဂံက"ဟူသောအဖွဲ့ ပါရှိပါသည်။ ထို့ပြင် အေဒီ ၁၅ ရာစု၊ အင်းဝခေတ်၊ အေဒီ၁၄၄၄ နှစ်ထိုး စစ်ကိုင်းထူပါရုံစေတီကျောက်စာကို နရပတိမင်း ရေးထိုးခဲ့ပါသည်။ ယင်းကျောက်စာ၏ ကြောင်းရေ ၅၂မှ ၅၅အထိတွင် အောက်ပါအတိုင်း ရုပ်သေးအကြောင်း ဖော်ပြထားသည်။

"အရုပ်သည် သျှင်ပညာတပေည်၊ သေမ်၊ဖြေုတာ၊အောင်နိုင်၊ခင်လှကဲ၊ သူချမ်းသာ၊ တောင်ဖက်သာ၊ အရုပ်သည် ငရှေဦး၊ မြေလူး၊ ပညာသည်ပေါင်း ၅ ကျိပ်...."

အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ အေဒီ ၁၄၈၄ ခုနှစ်တွင် ရေးစပ်သော ဘူရိဒတ်လင်္ကာကြီးတွင် အပိုဒ် ၁၅၂ ၌ ရုပ်သေးပွဲအကြောင်းကို အောက်ပါအတိုင်း ဖွဲ့ဆိုထားပါသည်။

"အတွေ့အခဲ၊ တွဲရရွဲလျက်၊ ကြိုးဆွဲငင်ချ၊ အရုပ်ကသို့...."ဤရဟန်းစာဆိုတော်ပင် အေဒီ ၁၅၂၉ခုနှစ်က ရေးစပ်သော သံဝရပျို့၏ စာပိုဒ်နံပါတ် ၁၆၈ တွင် ရုပ်သေးပွဲကျင်းပပုံကို အောက်ပါအတိုင်း ဖော်ပြထားပြန်သည်။

"ပျော်မှုတသီး၊ ရုပ်ကြီးရုပ်ငယ်၊ မီးဝယ်ကြည့်ပွဲ၊ အံ့အဲ့မနိုင်၊ အဆိုင်ဆိုင်လျှင်၊ အဲတိုင်အဲခံ...."

မြန်မာသက္ကရာဇ် ၁၁၁၃-၁၁၅၈ အတွင်းက ပေါ်ထွန်းလာသော စာပေပညာရှင်ကြီးဦးတိုးသည် သူ၏နာမည်ကျော် ရာမရကန်တွင် ရုပ်သေးအက၊ ကျွမ်းဘား၊ ဆပ်ကပ်ပွဲများအကြောင်းကို ရေးဖွဲ့ပုံမှာ-

"ကင်းလျှိုးလမ်းလျှောက်၊ ဓားမြှောက်ရုပ်စုံ၊ မြေကြီးများတုန်အောင်၊ ဘိန်းပုံလိမ့် ပိန်းဘောင်းသာနှင့်...."

ညောင်ရမ်းမင်းဆက်၊ တနင်္ဂနွေမင်း (အေဒီ ၁၇၁၄-၁၇၃၃)လက်ထက်တွင် စာရေးဆရာကြီး ဦးကုလား ပြုစုသော မဟာရာဇဝင်တော်ကြီး၌ မြန်မာသက္ကရာဇ် ၉၈၀ပြည့် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရွှေနန်းတော်အတွင်း အခစားဝင်လာကြသော အင်္ဂပတ်မင်း၏သံတော်ကို ကွန်ဒါးနိုင်ငံမှ သံတော်နှင့်၊ အာချင်ကျွန်းမဟာရာဇာ၏ သံတော်သုံးဦးတို့ကို မင်းတရားကြီးဧည့်ခံကျွေးမွေးပြီး ပွဲခံကြောင်းကို မှတ်တမ်းတင်ရာ၌-

"ထိုနေ့က ကချေသဘင် စုံခံရသည်။ (မွန်)ပတ်တဆယ့်လေးဆိုင်း၊ မြန်မာပတ်တဆိုင်း၊ ကချေ ၁၃၊ အရုပ်ကြီးအရုပ်ငယ် သဘင်စုံခံရသည်"ဟု ဖော်ပြထားသည်။

ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားသည် အေဒီ ၁၈၂၃ ခုနှစ်တွင် အင်းဝနေပြည်တော်၌ မဟာအောင်မြေဘုံသာကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းပါသည်။ ယင်းကုသိုလ်ကိုမှတ်တမ်းတင်ထားသော ကျောက်စာ၏ကြောင်းရေ (၇၃)တွင် သဘင်စုံခံရာ၌ ရုပ်သေးပွဲပါကြောင်းကို ဖော်ပြထားပုံမှာ-

"မီးပုံဆင်းပွဲ၊ ဂျွမ်းထိုးတိုင်တက်၊ ပချုပ်ငှက်ထွက်၊ သရက်သီးဆွတ်၊ လမ္မာယ်မြွေဖမ်း၊ လက်ပန်းလက်ပွေ့၊ ဇာတ်ကြီး၊ ရုပ်သေး၊ ရုံး၊ ယွန်း၊ ယိုးဒယား၊ ကုလား၊ ဝေသာလီ၊ တရုတ်တရက်၊ ဘာသာအဖွဲ့အချီ၊ အတီးအက၊ ယင်းသို့စသော၊ ပွဲမျိုးစုံတို့ဖြင့်...."ဟု တွေ့ရပါသည်။

ဘကြီးတော်ဘုရားသည် ဗိသုကာ၊ ပန်းချီပန်းပု၊ စာပေနှင့် သဘင်ပညာတို့ကို အားပေးချီးမြှောက်ရုံသာမက၊ သဘင်ဝန်ကိုပင်ခန့်ကာ ပွဲလမ်းသဘင်တို့ကို ကြီးကြပ်စေသည်။ ပထမသဘင်ဝန်မှာ ဦးသော်ဖြစ်သည်။ သဘင်တွင် အထွတ်အထိပ်ရောက်နေသော အမြင့်သဘင်နှင့်ဆိုင်သော အမိန့်တော်တစ်ရပ်ကို မြန်မာသက္ကရာဇ် ၁၁၈၃ခု (အေဒီ ၁၈၂၁) တပေါင်းလဆန်း ၉ရက်နေ့စွဲနှင့် ထုတ်ပြန်ပါသည်။

အမြင့်သဘင် အမိန့်တော်ဟုခေါ်ပြီး သဘင်ဝန်ကိုလည်း လစာတော်ငွေသားတစ်လတစ်ရာ ချီးမြှင့်သည့်အပြင် သာခါသိုရင်း ဝတ်ရုံမှအစ အစီး၊ အနင်း၊ အဆောင်၊ အရွက်ပေးကာ အမိန့်တော်အား တိကျစွာလိုက်နာကြစေရန် သဘင်ဝန်အားဆောင်ရွက်စေသည်။ အမိန့်တော်စာသားအတိုင်း ဖော်ပြပါက ရှည်မည်စိုး၍ အမိန့်တော် အကျဉ်းချုပ်ကိုသာ ဖော်ပြရလျှင်-

(၁)ရုပ်သေးသဘင်ကို အမြင့်သဘင်ဟုခေါ်ရန်၊ (၂)ကြိုးဆွဲသူကို ပိဋကတ်စာပေကျမ်းဂန်တတ်သော အမျိုးသားများသာဖြစ်စေရန်၊ (၃) ၅၅၀ဇာတ်နိပါတ်မှလည်းကောင်း၊ ရာဇဝင်၊ မဟာဝင်၊ ဇင်းမယ်၊ ဘုရားသမိုင်း၊ ပုံပြင် သိုက်သမိုင်းများမှလည်းကောင်း ဇာတ်လမ်းယူ၍ကရန်၊ (၄)ရုပ်သေးရုပ်များ ထုလုပ်ခြင်း၊ ဝတ်စားဆင်ယင်ခြင်း လမိုင်းတင်၊ အသက်သွင်းခြင်း ဝဲယာရုပ်များခွဲခြားခြင်း၊ (၅)ရုပ်သေးစင်ဆောက်လုပ်ခြင်း၊ ခင်းကျင်းခြင်း၊ (၆) ရုပ်သေးပွဲခွင်တောင်းခြင်း၊ ပွဲချီအရေအတွက်၊ (၇)ရုပ်သေး၊ သမားစဉ်တင်ဆက်ခြင်း၊ (၈)ဘုရားပွဲ၊ နတ်ပွဲများမှအပ၊ ရုပ်သေးပွဲငှားသူတို့က အာဏာပိုင်တို့ထံ အမိန့်ခံရပြီး ပွဲကြေးပေးရခြင်း၊ (၉) အမိန့်တော်ကို ဖောက်ဖျက်သူများအား သဘင်ဝန်က အရေးယူခြင်း ကိစ္စများပါဝင်သည်။

မြန်မာ့ရုပ်သေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ စာပေပညာရှင်များ၊ သဘင်ပညာရှင်များ၊ သုတေသီများ၊ ဆည်းပူးလေ့လာ ကျမ်းပြုထားသည်များကိုလည်းကောင်း၊ ဆောင်းပါးများ၊ အစီရင်ခံစာများကိုလည်းကောင်း အတော်များများ တွေ့ဖူးဖတ်ဖူးပါသည်။ ဒီးဒုတ်ဦးဘချို၏ ဒီးဒုတ်ဂျာနယ်ပါ ရုပ်သေးဆောင်းပါးများ၊ ဦးသော်ဇင်၏ ရုပ်သေးမင်းသမီး ဦးဖုးညို၊ မောင်သိန်းနိုင်၏ မြန်မာ့ရုပ်စုံသဘင်၊ လှသမိန်၏ မြန်မာ့ရုပ်သေး၊ မျိုးသန့်၏အမြင့်သဘင်၊ ပါနောက်၏ ပါနောက်၏ ရုပ်ကြီးစင် စသောစာအုပ်များ၊ ချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညွန့်စသော စာရေးဆရာတို့၏ ရုပ်သေးစာတမ်းများ၊ ဆောင်းပါးများ၊ မြန်မာ့ရုပ်သေးခေါင်းစဉ်နှင့် ဒေါက်တာဘွဲ့ယူသော ဂျာမန်အမျိုးသား ဒေါက်တာဘလွန်း၏ ဘွဲ့ယူကျမ်း၊ နိုဝယ်ဆင်းဂါး၏ မြန်မာရုပ်သေး၊ မသီဂီ၏ မြန်မာရုပ်သေး၊ အခြား စပိန်၊ ပြင်သစ်ဘာသာနှင့်ရေးသော မြန်မာရုပ်သေးဆောင်းပါးများ ရှိပါသည်။

မြန်မာဘုရင်များလက်ထက် ရောက်လာခစားကြသော အနောက်နိုင်ငံမှ သံတမန်များဖြစ်သော မိုက်ကယ်ဆိုင်းစ်၊ ဆာအာသာဖယ်ရား သံအဖွဲ့၊ အတွင်းရေးမှူး ဟင်နရီယူး၊ ကိုလိုနီခေတ်ဦးက မြန်မာ့ယဉ်ကျေးမှုအကြောင်း လေ့လာရေးသားကြသော ရွှေရိုး ကလောင်အမည်ခံ ဂျေ၊ ဂျီ၊ စကော့၊ အိုင်စီအက်စ်ဂရန့်ဘရောင်းစသူတို့က သူတို့ ကိုယ်တွေ့ကြည့်ရသော မြန်မာရုပ်သေးသဘင်၏ တစ်မူထူးခြားချက်များကို ထုတ်ဖော်ချီးကျူး ရေးသားထားကြပါသည်။

ဤဆောင်းပါးရေးသူသည် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်စဉ်က ၁၉၇၆ခုနှစ် ဧပြီလတွင် ဩစတြေးလျနိုင်ငံမှ ကြိုးဆွဲရုပ်သေးတင်ထွက်ကီး နှစ်ကြိမ် မြန်မာနိုင်ငံသို့ရောက်လာပြီး ထိုစဉ်က ရန်ကုန်လဟာပြင်ဇာတ်ရုံကြီးတွင် ကပြတင်ဆက်သွားရာ မြန်မာပရိသတ်နှစ်သက်ကြသည်။ တင်ထွက်ကီးအဖွဲ့ခေါင်းဆောင်က သူ့ကြိုးဆွဲရုပ်သေးတည်ထောင်ရာတွင် တုတ်ထိုး၊ လက်ထိုး၊ အရိပ်၊ ကြိုးဆွဲအမျိုးမျိုးအနက် မြန်မာ့ကြိုးဆွဲရုပ်သေးကို အဓိကစံထား အတုယူ၍ ဩစတြေးလျ တင်ထွက်ကီးကိုတည်ထောင်ကြောင်း အဖွင့်စကားတွင် ထည့်သွင်းပြောကြားသွားသည်ကို မှတ်မိပါသေးသည်။၁၉၇၈ခုနှစ်တွင် နိုင်ငံတော်တာဝန်ပေးချက်အရ ထိုစဉ်က ဆိုဗီယက် ရုရှားသို့ အနုသုခုမပညာလေ့လာရေးအတွက် ရောက်ရှိသွားရာ မော်စကိုမြို့တော်ရှိ ရုပ်သေးပြတိုက်နှင့် ရုပ်သေးပွဲသို့ သွားရောက်လေ့လာခွင့်ရခဲ့ပါသည်။ ရုပ်သေးပြတိုက်ကြီးတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရုပ်သေးစင်များ၊ ရုပ်သေးရုပ်များ၊ ရုပ်သေးဆိုင်းများကို စနစ်တကျပြသထားသည်ကို တွေ့ရပါသည်။ မြန်မာ့ရုပ်သေးရုပ်များပြသထားရာ ဝဲယာသမားစဉ်လွဲနေ၍ သူတို့၏မေတ္တာရပ်ခံချက်အရ ပြင်ပေးခဲ့ပါသည်။ ရုပ်သေးနှင့်ဆိုင်သော စာပေကျမ်းဂန်များ၊ ဓာတ်ပုံများကိုလည်း စာကြည့်တိုက်ဖွင့်ထားပြီး ရုပ်သေးရုပ်နှင့်ဆိုင်ရာအဝတ်အစားပစ္စည်းများကို ပြုပြင်သောအလုပ်ရုံလည်း ရှိသည်။ အပေါ်ထပ်နှစ်ထပ်တွင် ကလေးများအတွက် ရုပ်သေးနှင့်လူကြီးများအတွက် ရုပ်သေးများစဉ်ဆက်မပြတ် ရုံသွင်းကပြသည်ကို လေ့လာကြည့်ရှုခဲ့ရာ ကလေးများအတွက် ဒဏ္ဍာရီပုံပြင်များကို မြူးမြူးကြွကြွ ကပြသွားသည်။ တစ်နာရီသာကြာသည်။ လူကြီးများအတွက်မူ ရာဇဝင်မှ စွန့်စားခန်း၊ စစ်တိုက်ခန်း၊ နာမည်ကျော် စာရေးဆရာကြီးတို့၏ ဝတ္ထုမှ ကောက်နုတ်ချက် အခန်းများကို တင်ဆက်ပြီး တစ်နာရီခွဲသာကြာသည်။ သည့်နောက် ဆွေးနွေးပွဲ၊ ဟောပြောပွဲများလည်းရှိသေးရာ စိတ်ဝင်စားသူတို့ ပါဝင်နိုင်ပါသည်။ ကာတွန်းဆန်ဆန် အရုပ်များနှင့်ကသော ပွဲများလည်းရှိသေးသည်ဟု သိခဲ့ရသည်။

ယနေ့မြန်မာ့ရုပ်သေးသည် ကမ္ဘာတွင်ပရိသတ်ရှိသည်။ မန္တလေးရှိရုပ်သေးအဖွဲ့များသည် ကမ္ဘာတစ်ခွင်သို့ ပွဲကထွက်နေကြသည်။ ပုဂံ၊ မန္တလေး၊ အင်းလေးအစရှိသော ကမ္ဘာလှည့်ခရီးသည်များ သွားရောက်ရာဒေသများရှိ ဟိုတယ်ကြီးများတွင်လည်း ညစာအချိန်တွင် မြန်မာရုပ်သေးပွဲများ တင်ဆက်ပေးလျက်ရှိသည်။

အာဆီယံအသင်းကြီး၏ ယဉ်ကျေးမှုအမွေ ထိန်းသိမ်းလက်ဆင့်ကမ်းရေးဆိုင်ရာ အစီအစဉ်နှင့် အာဆီယံရုပ်သေးပွဲတော်ကြီးနှင့် သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပရန် စိုင်းပြင်းလျက်ရှိရာ မြန်မာ့ရုပ်သေး အနာဂတ်အလားအလာ အားရဖွယ်ရာရှိပါသည်။ ။

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား ရုပ်သေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ရွှေသန့်မောင်၏ ရုပ်သေးကြိုးဆွဲ ယှဉ်ပြိုင်ဟန်ကို ဤသို့တွေ့ရသည်။

၁၈ ရာစုရောက်မှ မြန်မာ့ရုပ်သေး ပေါ်ထွန်းလာသည်ဟူသော အယူအဆ မမှန်ကြောင်းကို မြန်မာ့ရှေးဟောင်းကျောက်စာ၊ မင်စာ၊ စာပေ သီချင်းတို့က သက်သေပြု၊ ရုပ်သေးဆရာကြီးတို့ ဆိုခဲ့သော သီချင်းများတွင် "ရုပ်သေးအစ၊ ကျုံးသုံးတန်နှင့်၊ ပုဂံက"ဟူသောအဖွဲ့ ပါရှိ။

ရိုးရာယဉ်ကျေးမှုအမွေ

* ဒို့နိုင်ငံ ဒို့လူမျိုးရဲ့
ယဉ်ကျေးမှုရိုးရာ
သာယာဖွယ်အကအလှ
သုခုမပညာ
အမျိုးသားရေးလက္ခဏာ
အစဉ်လာဘယ်မတိမ်း
မျိုးချစ်မာန်ဇာတိသွေးနဲ့
ရေးဖွဲ့စောင့်ထိန်း။

* တိုင်းတစ်ပါးယဉ်ကျေးမှု
လွှမ်းမိုးမှုကာကွယ်
မြတ်နိုးဖွယ်သဘင်ပညာနဲ့
မျိုးဂုဏ်တင့်လှတယ်
လက်ဆင့်ကမ်းထမ်းရွက်မယ်
ဘယ်ခါမယိမ်း
ဒို့ဘိုးဘွားအမွေစစ်မို့
မျိုးဆက်တို့စောင့်ထိန်း။

* မြန်မာမှုစံနှုန်းနဲ့
ဓလေ့ထုံးစဉ်လာ
မြှင့်တင်ကာတန်ဖိုးထား
လေးစားလိုက်နာ
မြတ်နိုးကြတွယ်တာ
ခံယူကာကျင့်သုံး
ဒို့တာဝန်မျိုးဂုဏ်ထောက်
စောင့်ရှောက်အားလုံး။

* အရေးအတီးအဆိုက
အမွေနှစ်ပညာ
နောင်ကြာရှည်တင့်စေဖို့
ကမ်းဆင့်ဝေဖြာ
သွေးစည်းလို့ခိုင်မာ
ကြည်ရွှင်စွာပျော်ပျော်ပါး
မြန်မာ့ရိုးရာသဘင်ပွဲကို
နွှဲပြိုင်စို့လား။ ။

ထီယု

ပုဂ္ဂလိက ကျွန်းစိုက်ခင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ကျွန်းစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၂၈

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ပုဂ္ဂလိကကျွန်းစိုက်ခင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ကျွန်းစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၆ရက် နံနက် ၈နာရီက မော်ဘီမြို့ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့် ပညာပေးရေးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာနသို့ ဖြိုးစည်သူကုမ္ပဏီလီမိတက်မှ ဦးကိုကို အေးက အလှူငွေကျပ် ၁၅သိန်း လှူဒါန်းရာ လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာညီညီကျော်က လက်ခံသည်။

ဆွေးနွေး

ယင်းနောက် ပုဂ္ဂလိက ကျွန်းစိုက်ခင်း အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ရေဝေ ရေလဲဒေသ အုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူး ဦးတင်အေးက ကျွန်းစိုက်ခင်း တည်ထောင်ခြင်းအတွက် အကြံပြုစာတမ်း၊ ညွှန်ကြားရေးမှူး ဒေါက်တာညီညီကျော်က ကျွန်းမျိုးရိုးဗီဇ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း စာတမ်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ဦးဘာဘာချို က ကျွန်းစိုက်ခင်း ဈေးကွက် အလားအလာ စာတမ်း၊ စီမံကိန်းနှင့် စာရင်းအင်းဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုနီက သန့်စင်သော ဖွံ့ဖြိုးတိုးတက်မှု နည်းလမ်း အရ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သစ်တောပြုန်းတီးမှုနှင့် တောအတန်းအစား ကျခြင်းဖြစ်စဉ်များမှ ကာဗွန်ထုတ်လုပ်မှုလျှော့ကျခြင်း စာတမ်းတို့ကို ဖတ်ကြားကြရာ တက်ရောက်လာသူများက ပြန်လှန်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကျွန်းစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ သင်တန်းသို့ ပုဂ္ဂလိကကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၇၀တက်ရောက် ကြပြီး အောက်တိုဘာ ၂၉ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အမှာစကားပြောကြား

သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ကျွန်းစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သစ်တော)

ဘားအံကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ဘားအံကောလိပ်တွင် (၁၉၈၁မှ ၁၉၈၇)ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက ဘားအံကောလိပ်တွင် (၁၉၈၁မှ ၁၉၈၇) ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများအား စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဘားအံမြို့ ဘားအံတက္ကသိုလ်ခန်းမ(J)(R-27)၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ကိုအောင်တင်ထူး ဖုန်း-၀၉-၅၆-၆၀၇၀၆၊ ကိုခင်ရှိန် ဖုန်း-၀၉-၅၆-၆၂၁၀၉၊ ကိုသိန်းနိုင် ဖုန်း-၀၉-၈၇-၃၀၂၁၀၊ ကိုသန်းနိုင် ဖုန်း- ၀၉-၈၇-၃၀၂၆၇၊ ကိုမြင့်ဝေ ဖုန်း-၀၅၈-၄၀၆၇၈၊ ကိုနေဆန်း ဖုန်း-၀၅၈-၄၀၂၆၃၊ ကိုထွန်းလွင် ဖုန်း-၀၅၈-၄၀၃၇၉၊ ကိုစိုးသိန်း ဖုန်း-၀၅၈-၄၀၆၂၁၊ ကိုတင်ထွန်း ဖုန်း-၀၉-၅၆-၇၀၂၇၅၊ မကေသီသွင် ဖုန်း-၀၅၈-၅၀၆၄၂၊ ကိုကျော်စိုး ဖုန်း-၀၉-၅၁-၃၄၁၅၅၊ ကိုတင့်ဦး-မသက်သက်ဝင်း ဖုန်း-၀၁-၃၉၄၇၀၂၊ ၀၉-၅၃-၁၂၅၃၉၊ ကိုတာ ဖုန်း-၀၉-၅၁-၁၇၁၂၄၊ နော်သဇင်ကျော် ဖုန်း-၀၉-၅၁-၇၆၃၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ ပြည်သူများ လုံခြုံချောမွေ့ လျင်မြန်စွာ ကူးလူးဆက်သွယ်သွားလာနိုင်ကြပြီး ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာခဲ့ပေပြီ။

ပုံညာတောင်ဥမင်သည် အရှည်ပေ ၅၆၁၀၊ ဥမင်အကျယ် ၁၅ပေ၄လက်မ ၊ ဥမင်အမြင့် ၁၉ပေ ၄လက်မရှိပြီး ဥမင်အတွင်းလူရှောင်ပေါက် ၁၂ပေါက်ပါရှိကာ ဥမင်အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။

သွားလာနိုင်

ယခုကဲ့သို့ ပုံညာတောင်ဥမင်ကြီးကို ဖောက်လုပ်ပေးခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူတို့အဖို့ မြေပြန့်နှင့်တောင်ပေါ်ခရီးကို တောက်လျှောက် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ကြပြီ ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

ရန်ကုန် အောက်တိုဘာ ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်ရေဆင်းတွင် ၀ ဒသမ ၆၃ လက်မ၊ နေပြည်တော်လယ်ဝေးတွင် ၀ ဒသမ ၅၆ လက်မ၊ နေပြည်တော်ပျဉ်းမနား တွင် ၀ ဒသမ ၂၄ လက်မ၊ သံတောင်ကြီးမြို့တွင် ၀ ဒသမ ၉၁လက်မ၊ ပင်လောင်းမြို့တွင် ၀ ဒသမ ၄၃ လက်မနှင့် မြိတ်တွင် ၀ ဒသမ ၃၅ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

အောက်တိုဘာ ၂၉ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာ ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ယှဉ်ပြိုင်အားပေးမှုများဖြင့် စည်ဝေခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အနုပညာမြင်ကွင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း -တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၈ (ဖက်စ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နောက်ဆုံးနေ့ရောက်ခဲ့ပြီ။ ပြိုင်ပွဲ ကာလတစ်လျှောက် ပါဝင်ယှဉ်ပြိုင်ခဲ့သူများက နောက်ဆုံးနေ့ ပါဝင်ယှဉ်ပြိုင်သူများကို လိုက်လံအားပေးကြလျက်ရှိရာ ပြိုင်ပွဲခန်းမတိုင်း ပရိသတ်များအားပေးသံ ဖုံးလွှမ်းနေဆဲပင်။

ကွက်စိပ်ပြိုင်ပွဲ

ကွက်စိပ်ပြိုင်ပွဲကျင်းပရာ နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိချိန်တွင် စင်မြင့်ထက်၌ ပြိုင်ပွဲဝင်တစ်ဦး အသံအဆွဲအငင်၊ အပင့်အရှိုက်များဖြင့် အားမာန်အပြည့် ယှဉ်ပြိုင်နေသည်ကို တွေ့ရသည်။ ကိုယ်နေဟန်ထားကောင်းမွန်ကာ ဆိုင်းအဝင်အထွက်နှင့် လိုက်ဖက်အောင် ဓာတ်ဟန်ဓာတ်ပြော ပိုင်နိုင်သဖြင့် ပရိသတ်များ အားပေးလက်ခုပ်သံကို မစဲအောင် သဲ့ယူသွားနိုင်သည်။ ကွက်စိပ် ပြိုင်ပွဲဝင်သူမှာ

"ဒီလိုပြိုင်ပွဲဝင်ရတာ ကျွန်တော့်အနေနဲ့ ပထမဆုံး ကြုံတွေ့မြင်ဖူးခြင်းပါပဲ"

နားရယ်
ကယားပြည်နယ်လေ့လာရေး

ဝါသနာရှင် (ဒုတိယတန်း)မှ ရှမ်းပြည်နယ်ကိုယ်စားပြု မောင်မင်းနိုင်(ခ) မျိုးဇော်ကို ဖြစ်ကြောင်း သိရသည်။

ကွက်စိပ်ပြိုင်ပွဲခန်းမအတွင်း လာရောက်အားပေးသူတစ်ဦးကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာ "သမီးနာမည်က မဖြူဖြူအောင်ဖြစ်ပြီး မွန်ပြည်နယ်ကိုယ်စားပြု အကပြိုင်ပွဲဝင်တစ်ဦးဖြစ်ပါတယ်။ သမီးရဲ့ ယှဉ်ပြိုင်မှုက ပြီးသွားပါပြီ။ အခုပြိုင်ပွဲတွေ လိုက်အားပေးနေတာပါ။ သမီးအနေနဲ့ အရင်နှစ်တွေကလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး ရွှေနှစ်ဆု၊ ကြေးနှစ်ဆုရရှိ ခဲ့ဖူးပါတယ်။ ဒီနှစ်လည်းထိုက်တန်တဲ့ ဆုရရှိမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောပြသွားသည်။

နားဝင်ချိုမြ

ထို့နောက် မယ်ဒလင်အတီးပြိုင်ပွဲကျင်းပရာ သစ်တောသုတေသနစုဝေးခန်းမသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ ပြိုင်ပွဲခန်းမအပြင် ဘက်၌ မယ်ဒလင် အတီးလေ့ကျင့်နေသူ အချို့ကို တွေ့ရသည်။ ခန်းမအတွင်း ဝင်လိုက်သည်နှင့် နားဝင်ချိုမြသော မယ်ဒလင်လက်သံကို နားဆင်လိုက်ရသည်။ သံစဉ်တေးသွား က နားဝင် ပီယံဖြစ်စရာ။ မယ်ဒလင်ကြိုးများပေါ်တွင် တို့ထိတီးခတ်နေသော လက်ချောင်းများက ရွရွဖွဖွ လှုပ်ရှား လူးခတ်နေသည်။ ပရိသတ်ကား မယ်ဒလင်တီးခတ်မှု သံစဉ်တွင် တိတ်ဆိတ်စွာ နားဆင် နစ်မြောလျက်။ ပြိုင်ပွဲဝင်မှုအပြီး ပရိသတ်၏ အားပေးသံက အဆက်မပြတ် ထွက်ပေါ်လာသည်။

မယ်ဒလင်အတီးပြိုင်ပွဲဝင်သူမှာ ရခိုင်ပြည်နယ်ကိုယ်စားပြု မောင်ဝေဖြိုးပိုင်ဖြစ်သည်။ ထို့နောက် မယ်ဒလင်အတီး ပြိုင်ပွဲဝင်များ တစ်ဦးပြီး တစ်ဦး ယှဉ်ပြိုင်မှုကို နားဆင်ပြီးနောက် ပြိုင်ပွဲခန်းမအတွင်း အားပေးကြည့်ရှုနေသည့် တိုင်းရင်းသားဝတ်စုံဝတ်ဆင်ထားသူ တစ်ဦးကို မေးမြန်းရာ "ကျွန်တော့် နာမည်က နားရယ်လို့ ခေါ်ပါတယ်။ ကယားပြည်နယ်က လေ့လာရေးအဖွဲ့ဝင်ဖြစ်ပါတယ်။ ကျွန်တော် မယ်ဒလင်တီးတာကို ဝါသနာပါတယ်။ ဒါကြောင့် အခုလို လာအားပေးတာပါ။ ပြိုင်ပွဲဝင်သူတွေ အားလုံးတော်ကြပါတယ်။ ပြိုင်ပွဲကြီးကလည်း ခံ့ညားပါတယ်။ ဒီလို ပြိုင်ပွဲဝင်ကြတာ ကျွန်တော့်အနေနဲ့ ပထမဆုံး ကြုံတွေ့ မြင်ဖူးခြင်းပါပဲ"ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

စည်းဝါးနိုင်နင်း

ထို့နောက် အဆိုပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမသို့ မြန်မာ့အလင်းအဖွဲ့ ရောက်ရှိခဲ့သည်။ ပြိုင်ပွဲ နောက်ဆုံးနေ့ဖြစ်၍လားမသိ၊ ပြိုင်ပွဲဝင်များ တက်ကုန် ရွှက်ကုန်လွှင့် ယှဉ်ပြိုင်နေကြသည်ကို မြင်တွေ့ရသည်။ စင်မြင့်ပေါ်၌ ကရင်ပြည်နယ်ကိုယ်စားပြု မဝင်းလဲ့လဲ့အောင်က မဟာဂီတအဆို ယှဉ်ပြိုင်နေသည်။ အဆိုပိုင်နိုင်ပြီး စည်းဝါးနိုင်နင်းသဖြင့် နားဆင်၍ မညည်းနိုင်အောင် ရှိလှသည်။ အသံအနိမ့်အမြင့် မှန်ကန်ပြီး သီချင်းစာသားလည်း ပီပြင်ကျနစွာသီဆို ယှဉ်ပြိုင်သွားနိုင်သည်။ တစ်ဖန် ချင်းပြည်နယ်မှ မမိုင်မေသူသူထွန်း၊ မွန်ပြည်နယ်မှ မသီဂီဝင်းတို့၏ ယှဉ်ပြိုင်သီဆိုမှုများကို နားဆင်ကြည့်ရာတွင် အရည်အသွေး ကွာခြားမှုမရှိသည်ကို ခံစားရသဖြင့် အကဲဖြတ် အမှတ်ပေးဒိုင်များ ဝေခွဲရ ခက်မည်ဟု တွေးမိသည်။

ပြိုင်ပွဲခန်းမအတွင်း အားပေးကြည့်ရှုနေသူ ကလေးငယ်တစ်ဦးအား မေးမြန်းရာ "သမီးနာမည်က မချစ်နှင်းဖြူ ဖြစ်

"ဒီနှစ်လည်း ထိုက်တန်တဲ့ဆုရရှိမယ်လို့ မျှော်လင့်ပါတယ်"

မဖြူဖြူအောင်
အက
မွန်ပြည်နယ်

ပါတယ်။ ရန်ကုန်တိုင်းကိုယ်စားပြု အဆိုပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး သမီးအဆိုယှဉ်ပြိုင်မှုက ပြီးသွားပါပြီ။ စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ဆုရရှိလိမ့်မယ်လို့လည်း မျှော်မှန်းထားပါတယ်။ အခုတော့ မဟာဂီတအဆိုပြိုင်ပွဲကို လာအားပေးတာပါ" ဟု မြန်မာ့အလင်းသို့ပြောပြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့ မဟာဂီတ အဆိုပြိုင်ပွဲကျင်းပရာ ခန်းမမှ ထွက်လာပြီး ပတ္တလားအတီးပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေး တက္ကသိုလ်စာသင်ခန်းမသို့ ရောက်ရှိခဲ့သည်။ အခြေခံပညာ အသက်(၁၅နှစ်မှ ၂၀) အမျိုးသား ပတ္တလားတီးပြိုင်ပွဲ ယှဉ်ပြိုင်နေကြောင်း သိရသည်။ စင်မြင့်ပေါ်၌ မွန်ပြည်နယ် ကိုယ်စားပြု မောင်ချစ်ဖြိုးလှိုင် ပတ္တလားတီး ပြိုင်ပွဲ ယှဉ်ပြိုင် တီးခတ်နေမှုကို မြင်တွေ့ရသည်။ သာယာငြိမ့်ညောင်းသော ပတ္တလားတီးသံကို နားဝင်ချိုမြစွာ နားဆင် ခံစားရသည်။ တစ်သံချင်း တီးခတ်ထွက်ပေါ်လာသော သံစဉ်၊ အတွဲလိုက် တီးခတ်လိုက်သော ပတ္တလားသံများက နားဝင်ပီတိဖြစ်စရာ ကောင်းသည်။

အကျိုးကျေးဇူး

ထို့နောက် အားပေးနေသည့် ကလေးငယ်တစ်ဦးကိုမေးမြန်းရာ "**သမီးနာမည်က** စုမြတ်နဒီမောင် ဖြစ်ပါတယ်။ ကချင်ပြည်နယ်ကိုယ်စားပြု ပတ္တလားတီးပြိုင်ပွဲ ယှဉ်ပြိုင်ပြီးဖြစ်ပါတယ်။ ပတ္တလားတီးကို ဝါသနာပါလွန်းလို့ အခုလိုလာအားပေးခြင်း ဖြစ်ပါတယ်။ သမီးကိုယ်တိုင်လည်း အားရအောင် ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

တစ်ဖန်ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမသို့ မြန်မာ့အလင်း သတင်းအဖွဲ့ရောက်ရှိခဲ့ပြန်သည်။ ခန်းမအတွင်း လှမ်းဝင်လိုက်သည်နှင့် လက်ကျလက်န ပြောင်မြောက်စွာ တီးနေသော ဆိုင်းလက်သံကို နားဆင်လိုက်ရသည်။ မန္တလေးတိုင်း ကိုယ်စားပြု မသီသီအောင်မင်းအဖွဲ့ ဖြစ်သည်။ အဖွဲ့လိုက် ညီညွတ်မှု၊ ဆန်းသစ်သော ဆိုင်းတီးလုံးများ၊ ရင်သပ်ရှုမော နားသောတဖြစ်စရာ ဆိုင်းအချည်အချများဖြင့် ပရိသတ် လက်ခုပ်သံများကို ရယူသွားနိုင်သည်။ ဆိုင်းဝိုင်းအတွင်း ခန္ဓာကိုယ်ယိမ်းနွဲ့လှုပ်ရှားကာ ဆိုင်းတီးနေသည့်ဟန်ပန်မှာ တကယ့် ဝါရင့်ဆိုင်းပညာရှင်ကြီးနှယ်။ ပါရမီရှိသော ပြိုင်ပွဲဝင်ပင်ဖြစ်သည်။

ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲခန်းမမှ ပြန်အထွက် ညနေစောင်းပြီ။ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ယှဉ်ပြိုင်မှု ပွဲစဉ်များလည်း အောင်မြင်စွာ ပြီးစီးခဲ့ပြီ။ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များလည်း မည်သည့်ဆုတံဆိပ်

"စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်"

မချစ်နှင်းဖြူ
အဆို
ရန်ကုန်တိုင်း

များ ဆွတ်ခူးရရှိကြမည်ကို ရင်ခုန်စွာ စောင့်မျှော်နေပြီ ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အကျိုး ကျေးဇူးများကို အပြန်လမ်းတစ်လျှောက် တွေးနေမိတော့သည်။ ။

(မြန်မာ့အလင်း)

တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲနှင့် ဝန်ကြီးဌာနပြခန်းများဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၈

၁၃၇၁ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ရက်က တောင်ကြီးမြို့ မီးပုံးပျံလွှတ်တင်ပြိုင်ကွင်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်ချီးမြှင့်အားပေးသည်။

ရှေးဦးစွာ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် တိုင်းမှူးက တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ်အဖြစ် စိန်နားပန်မီးပုံးပျံများ လွှတ်တင်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ဝန်ကြီးဌာန ပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးနှင့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အတွင်းရေးမှူးတို့က ဝန်ကြီးဌာနပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးသည် ညလွှတ် စိန်နားပန်နှင့် ညမီးကြီး မီးပုံးပျံများ ပြိုင်ပွဲဝင် လွှတ်တင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ဈေးကြီးမိသားစု (၅)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၌၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းအောင်မြင်ခဲ့သည့် ဈေးသူ ဈေးသားများ၏ သားသမီးများ၊ ဝန်ထမ်းများ၏သားသမီးများ ဖြစ်ကြသော ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရရှိသူများအား ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များက ပညာရည်ချွန်ဆုများ ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဘုရင့်နောင်ဈေးကြီး မိသားစု ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန လက်အောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးမိသားစု (၅)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂၃ရက် နံနက် ၉ နာရီက ဘုရင့်နောင်ဈေးဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနဌာနခွဲမှူး ဦးအောင်နိုင်ထွေး၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးလှအေးတို့က အမှာစကားပြောကြားကြပြီး ဈေးသာယာရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လွင်က ပညာရည်ချွန်ဆုချီးမြှင့်မှုအခြေအနေနှင့် ဈေးသာယာရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း အောင်မြင်ခဲ့သည့် ဈေးသူဈေးသားများ၏ သားသမီးများ၊ ဝန်ထမ်းများ၏သားသမီးများ ဖြစ်ကြသော ခြောက်ဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ လေးဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦးနှင့် ရိုးရိုးအောင်မြင်ကြသူများအား ပညာရည်ချွန်ဆုအဖြစ် ငွေသားဆု ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရရှိရန်အတွက် ညွှန်ပြအုပ်ထိန်းသည့် မိဘများအား ဥယျာဉ်မှူးဆုအဖြစ် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Dagon Bio Disc Passed Water စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ဒဂုံအချိုရည်နှင့်ရေခဲစက်ရုံကထုတ်လုပ်သော Dagon Bio Disc Passed Water အကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၂၅ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ Central Hotel, Ruby Room ၌ ကျင်းပသည်။

ရှေးဦးစွာ ကနောင်မီဒီယာမှဒေါက်တာတင်အောင်ရွှေက အမှာစကားပြောကြားသည်။

ရှင်းလင်းဖြေကြား

ဆက်လက်၍ ဒဂုံအချိုရည်စက်ရုံမှ စက်ရုံမှူး ဦးကျော်ထွန်းနှင့် ထွန်းသစ်ဦးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ထူးအောင်တို့က Bio Disc Passed Water နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး(**အောက်ပုံ**) တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထိန်းသိမ်းပြုပြင်

အဆိုပါ Bio-Disc သည် လူသားများ၏ ကျန်းမာရေးကို ကောင်းသည်ထက်ကောင်းအောင်၊ ယိုယွင်းမသွားအောင် ထိန်းသိမ်းပြုပြင်အားဖြည့်ပေးခြင်း၊ အစွမ်းထက်သည့် Scalar Energy များ အမြဲထုတ်လုပ်ပေးလျက်ရှိခြင်းတို့ကြောင့် Bio-Disc ရေသန့်သောက်သုံးလျှင် အရွယ်တင်ပြီး နုပျိုစေကာ အမြဲလန်းဆန်းတက်ကြွစေသည့်အပြင် အစားအသောက်များကို အရသာပိုကောင်းစေပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို လန်းဆန်းကြာရှည်ခံစေသည်။

ထို့ပြင် ကိုယ်ခံစွမ်းအားများကို မြှင့်တင်ပေးခြင်း၊ သွေးကို သန့်စင်စေပြီး အောက်ဆီဂျင်ပိုမိုရရှိစေခြင်းနှင့် ပင်ပန်းမှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိခြင်း၊ စိတ်၏အာရုံစူးစိုက်မှု ပိုမိုကောင်းမွန်စေခြင်းတို့အပြင် မှတ်ဉာဏ်ကိုလည်း ကောင်းမွန်စေသည်။

နေထိုင်နိုင်မည်

Bio Disc Passed Water ကို မည်သည့် အစားအစာ၊ ဆေးဝါးနှင့်မဆိုတွဲဖက်သောက်သုံးနိုင်ပြီး ဘေးထွက်ဆိုးကျိုးလုံးဝမဖြစ်စေပါ။ Bio-Disc ရေသန့်ကို သာမန် သောက်ရေကဲ့သို့ နေ့စဉ်ပုံမှန်သောက်သုံးပြီး အသုံးပြုခြင်းအားဖြင့် မိသားစုတစ်စုလုံးကျန်းမာစွာနေထိုင်နိုင်မည်ဖြစ်သည်။

အဆိုပါ Bio-Disc ရေသန့်ကို ဒဂုံသောက်ရေသန့်နှင့်တွဲ၍FDA ခွင့်ပြုချက်ဖြင့် ထွန်းသစ်ဦးကုမ္ပဏီက ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ တစ်ဆင့်ဖြန့်ဖြူးရောင်းချလိုပါက ထွန်းသစ်ဦးကုမ္ပဏီ(ရန်ကုန်)တိုက် ၂၇၀၊ အခန်း ၁၁ ရန်အောင်လမ်းသွယ် ၆ (၂)ရပ်ကွက် အရှေ့ရန်ကင်း ဖုန်း-၀၉-၅၁-၀၃၈၂၇၊ ၀၉-၅၁-၈၈၇၁၈၊ ၅၅၆၅၈၄၊ ၅၅၆၅၇၂၊ လိုင်းခွဲ ၁၆၀၊(မန္တလေးရုံးခွဲ)အမှတ် ၅၅၉၊ ၂၆ လမ်း၊ ၉၁ လမ်းနှင့် ၉၂ လမ်းကြား ချမ်းအေးသာစံရပ် ဖုန်း-၀၉-၅၀-၀၂၅၉၄၊ ၀၉-၂၀-၂၄၇၃၁၊ ၀၂-၂၁၉၆၅၊ ဒဂုံအချိုရည် စက်ရုံအမှတ် ၃၃၅/၃၄၉ ဦးဝိစာရလမ်း စမ်းချောင်းမြို့နယ်တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။**(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေး မိုးညှင်း၌လေ့ကျင့်

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေး ဓာတ်တိုက်လေ့ကျင့်မှုကို အောက်တိုဘာ ၁၅ရက်က ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးတင်လှိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းဦးတို့က ကြည့်ရှုအားပေးကြသည်။ ***(မြို့နယ်စည်ပင်)***

နေပြည်တော်တပ်ကုန်း မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်

နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၆ရက် ညနေ ၃ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအဖြစ် ဘုရင့်နောင်ရပ်ကွက်အသင်းနှင့် မြောက်မြိုက်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘုရင့်နောင်အသင်းက အနိုင်ရရှိသွားသည်။ *(မြို့နယ် ပြန်/ဆက်)*

ဝိုင်းမော်အထကကျောင်းခွဲ၌ ပညာရည်ချွန်ဆုချီးမြှင့်

ဝိုင်းမော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ၏ ၂၀၀၈-၂၀၀၉ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ ရက်က အဆိုပါကျောင်း ဝေဘားခန်းမ၌ ကျင်းပရာ သဘာပတိ ဦးမင်းကြည်နှင့် မြို့နယ်ပညာရေးမှူး ဦးဇာနီတို့က အမှာစကားပြောကြားပြီး ထူးချွန်ကျောင်းသား ကျောင်းသူ ၃၂ ဦးအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

မလှိုင်၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေး

မလှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးဦးစီးပညာဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးလုပ်ငန်း အသိပညာပေးညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ရက် နံနက် ၉နာရီခွဲက မြို့နယ်ဆေးရုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ဗဟိုကျန်းမာရေးပညာဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးအတွက် ရှင်းလင်းပြောကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

ဗန်းမော်မြို့ သန့်ရှင်းလှပရေး ဆောင်ရွက်

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ရက်က ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းရေးဝန်ထမ်းများဖြင့် လမ်းဘေးဝဲယာတွင် သန့်ရှင်းရေးဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(သန့်) ဦးသိုက်ဦးဝင်းက ကြီးကြပ်ဆောင်ရွက်သည်။ ***(ခရိုင် ပြန်/ဆက်)***

စဉ့်ကူးမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်း

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁၅ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံဥပစာ၌ စုပေါင်း၍ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတို့က ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

စုပေါင်းအလှူပွဲ ပုသိမ်မြို့၌ကျင်းပ

ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ကြီးမှူးကျင်းပသော မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ ရေယာဉ်၊ စက်လှေ၊ ကုန်တင်မော်တော်ယာဉ်၊ ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်အသင်းမိသားစု၏ (၁၈)ကြိမ်မြောက် စုပေါင်းအလှူပွဲကို အောက်တိုဘာ ၂၂ရက်က ပုသိမ်မြို့ တကောင်းဘုရားလမ်း ကုန်းသာကျောင်း၌ကျင်းပရာ ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးမင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ *(၁၅၇)*

ဖောင်းပြင်မြို့၌ စီမံကိန်းတာဝန်ပေးအပ်

ဖောင်းပြင်မြို့နယ်၏ ၂၀၀၉-၂၀၁၀ ဆောင်းသီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲကို မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ၁၅ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးကျော်ဦးက စီမံကိန်းတာဝန်ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးစိုးလွင်က ဖောင်းပြင်မြို့နယ်ရှိ နယ်မြေလေးခုအား ဆောင်းသီးနှံစိုက်ဧက ၅၀၂၂၅ဧကကို ရပ်ကွက်ဥက္ကဋ္ဌများထံ တာဝန်ပေးအပ်သည်။ *(မြို့နယ် ပြန်/ဆက်)*

ပမွတီး-ပြည်ထောင် ကျောက်ချောလမ်းပြုပြင်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖြိုးဝေလင်း ဦးဆောင်သော အဖွဲ့ဝန်ထမ်းများသည် ပမွတီး-ပြည်ထောင်လမ်းပေါ်ရှိ အရှည်ပေ၁၆၀၀၊ အကျယ်၁၂ပေရှိ ကျောက်ချောလမ်း ပြုပြင်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၃၀ ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့ ကွင်းဆင်းစစ်ဆေးကြသည်။ ***(ပြည်နယ် ပြန်/ဆက်)***

ရေစက်ရုံများ စနစ်တကျအသုံးပြုရေး စစ်ဆေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အောက်တိုဘာ ၁၄ရက်က လမ်းခွ၊ ကျွန်းပင်သာနှင့် ဆားမော်ကျေးရွာများရှိ ရေစက်ရုံများ၌ လေမှုတ်စက်နှင့် အင်ဂျင်များ ကောင်းမွန်ကြံ့ခိုင်မှုရှိစေရေး၊ ရေသွယ်တိုင်နှင့် ပိုက်လိုင်းများ စနစ်တကျထိန်းသိမ်း အသုံးပြုရေးအတွက် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့်အဖွဲ့ ဆောင်ရွက်ကြသည်။ *(၀၀၁)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

မြေပြန့်တောင်ပေါ် တိုင်းရင်းသားများ ကူးလူးဆက်သွယ်နိုင်သည့်

ကျော - ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင်

ရန်ကုန် အောက်တိုဘာ ၂၈

သတင်းမှတ်စု	- တင်မာဝင်းနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း	- မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု	- မင်းထွန်း (မြန်မာ့အလင်း)

ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား လူနေမှုကွာဟမှုများ တန်းတူရည်တူရှိစေရေးနှင့် တိုင်းရင်းသားတို့ ကူးလူးယှက်နွယ် ပေါင်းစည်းနေထိုင်နိုင်စေရေးအတွက် နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စွာ လွယ်လင့်တကူသွားလာနိုင်ရေးတို့အတွက် အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်သွားလာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပေးခဲ့သည့် ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ကျော-ရေမျက်နီ ရထားလမ်းပိုင်းနှင့်ပုံညာတောင်ဥမင်(**ယာပုံ**)ကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၇ရက်က *စာမျက်နှာ ၁၁ ကော်လံ ၁* ●

စာမျက်နှာ ၁၁ ကော်လံ ၁

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

မောင်မောင်မြင့်ဆွေ၏ ယှဉ်ပြိုင်မှု၊ အားပေးမှုများဖြင့် စည်ဝေခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတင်းဆောင်းပါးကို စာမျက်နှာ ၁၁ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော် စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေကို စာမျက်နှာ(၅)တွင် ဖတ်ရှုနိုင်ပါသည်။